# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# စတုတ္ထပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | (က) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ ရွှေနှင့်အခြား သယံဇာတများကို မှီခိုပြီး လုပ်ကိုင်စားသောက်ကြသူများအတွက် ဥပဒေဘောင် အတွင်းမှ တရားဝင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | (ခ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ တရားဝင်သစ်စက်နှင့် သစ်ဆိုင် မရှိသော မြို့ငယ်များတွင် ကျွန်းနှင့် သစ်မာများကို ပြည်သူများတရားဝင် သုံးစွဲခွင့် ရရန် မည်သည့်မူဝါဒများချမှတ်၍ မည်သို့ အကောင်အထည်ဖော် ပေးမည်နှင့် ပြည်ပပို့ကုန်အတွက် စဉ်ဆက် မပြတ် ထုတ်လုပ်နိုင်ရန် စီမံထားသော သစ်တောများ (Sustainable managed forest/ Planting) ပြုစု ပျိုးထောင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | (ဂ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ တောင်ဥက္ကလာပ မြို့နယ် အတွင်းတွင် အမှိုက်စွန့်ပစ်ရန် ထားရှိသော အမှိုက်ပုံးနေရာ (၂၀)ခန့်ကို ရှင်းလင်း၍ ယခင်က ဆောင်ရွက်ခဲ့သော ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်အား ပြန်လည်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၈ | ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က “ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင် ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင် အားစိုက် ပါဝင်ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်း” အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း | ၁၇ |
| ၉ | ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က တင်သွင်းသည့် “ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲ ဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ် ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီး ရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိက လုပ်ပိုင်ခွင့် များအား ပြန်လည် ရုပ်သိမ်း၍ သဘာဝသစ်တော ကန့်သတ် နယ်မြေ အဖြစ်ပြန်လည် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ကြောင်း” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၂၉ |

| | | |
|---|---|---|
| ၁၀ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၄၉ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၃) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၄) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၆) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊

(၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျော်ဝမ်း ခွင့် ၈ ရက်၊

(၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်နှင့်

(၉) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရွှေနှင့်အခြားသယံဇာတများကိုမှီခိုပြီး လုပ်ကိုင်စားသောက်ကြသူများအတွက် ဥပဒေဘောင်အတွင်းမှ တရားဝင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ နိုင်ငံ့အဝန်း ရွှေနှင့်အခြားသယံဇာတများကိုမှီခိုပြီး လက်လုပ်လက်စား လုပ်ကိုင်ရှာဖွေစားသောက်နေကြသူများအတွက် ဥပဒေဘောင်အတွင်းမှ တရားဝင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာ ဆင်းရဲနွမ်းပါး၍ လယ်ယာမြေပိုင်ဆိုင်မှုမရှိသော မိသားစုများစွာတို့ ရွှေကျင်ခြင်းဖြင့် အသက်ရှင်ရပ်တည်ခဲ့ကြသည်မှာ ၁၀ စုနှစ်ပေါင်းများစွာရှိခဲ့ပြီ ဖြစ်ပါတယ်။ ရွှေကျင်ခြင်းနှင့် အခြားလက်လုပ်လက်စား တွင်းထွက်သယံဇာတထုတ်ယူမှုများကြောင့် ပတ်ဝန်းကျင်ကို အနည်းနှင့်အများထိခိုက်မှုရှိသည်ဖြစ်သော်လည်း လုပ်ငန်းကြီးများနှင့်နှိုင်းယှဉ်လျှင် မပြောပလောက်သကဲ့သို့ နိုင်ငံ၏သယံဇာတအရင်းအမြစ်ပေါ်တွင်လည်း သိသာစွာထိခိုက်မှုမရှိကြောင်း အလွယ်တကူတွေ့မြင်နားလည်နိုင်ပါတယ်။ ယခင် သတ္တုတွင်းဥပဒေ(၁၉၉၄)အရ လက်လုပ်လက်စားထုတ်ယူခြင်းလုပ်ငန်းကို စက်ကိရိယာမပါဘဲ လက်ဖြင့်သာ ထုတ်ယူသည့်လုပ်ငန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ယင်းကို ပုဒ်မ ၁၀ အရ သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့်အရာရှိက ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါတယ်။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့သော သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၇၂)အရ လက်လုပ်လက်စားထုတ်ယူခြင်းကို ဥပဒေအရ သတ်မှတ်ထား သောမြင်းကောင်ရေထက်မပိုသည့် စက်ကိရိယာကိုအသုံးပြုနိုင်ရန် ခွင့်ပြုခဲ့ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့က ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် ပြင်ဆင် ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ သက်ဆိုင်ရာနည်းဥပဒေများ အဆင်သင့်မဖြစ်သေး သဖြင့် ယခုတိုင်ခွင့်ပြုမိန့်ချထားနိုင်ခြင်း မရှိသေးပါ။ တိုင်းပြည်အတွက် အရေးကြီးသည့် တွင်းထွက် သယံဇာတများအား စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် နည်းဥပဒေများ၊ စည်းကမ်း၊ နည်းလမ်းများ အချိန်ယူရေးဆွဲခြင်းသည် မှန်ကန်၍အမြော်အမြင်ရှိသော ဆောင်ရွက်မှုဖြစ်ပါတယ်။ သို့ပါသော်လည်း လက်လုပ်လက်စားသမားများမှာ ဥပဒေနှင့်အညီ ခွင့်ပြု ချက်မရရှိနိုင်ပါသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် ဥပဒေပြင်ပမှ တရားမဝင်လုပ်ကိုင်ရှာဖွေ ရုန်းကန်စားသောက်နေကြရသည်ကို တွေ့မြင်ရပါတယ်။ ၎င်းတို့အနေဖြင့်လည်း နိုင်ငံတော်မှ ချမှတ် ပေးသော ဥပဒေစည်းကမ်းများအတိုင်း အခွန်ဆောင်ကာလုပ်ကိုင်လိုကြပါတယ်။ သို့သော်လည်း ယခု အခါမှာ ဥပဒေနှင့်အညီလုပ်ကိုင်ခွင့်ရရှိရန် အခက်အခဲဖြစ်နေသည့်အတွက် အခြေခံပြည်သူလူထုမှာ စားဝတ်နေရေးခက်ခဲကာ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရန်များ လည်းအခက်အခဲရှိပြီး အခက်အခဲများကြုံတွေ့နေရတာကို တွေ့မြင်နေရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းကတော့ သတ္တုတွင်းဆိုင်ရာမူဝါဒများ၊ ဥပဒေသစ်များ၊ နည်းဥပဒေ များပြီးစီးရန် စောင့်ဆိုင်းနေဆဲကာလတွင် လက်လုပ်လက်စားတွင်းထွက်တူးဖော်နေသူများအား သင့်လျော်သော အမိန့်၊ ညွှန်ကြားချက်များဖြင့် စည်းကမ်း၊ နည်းလမ်းများချမှတ်ကာ တရားဝင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိကို အခြေခံလက်လုပ်လက်စားပြည်သူများ ကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သနူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်ရဲ့ နိုင်ငံတစ်ဝန်း ရွှေနှင့်အခြားသယံဇာတများကိုမှီခိုပြီး လက်လုပ်လက်စားလုပ်ကိုင်နေကြသူများအတွက် ဥပဒေဘောင်အတွင်းမှ တရားဝင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေဆိုသွားမှာဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။

သတ္တုသယံဇာတကဏ္ဍမှာ သယံဇာတများနှင့်စပ်လျဉ်းပြီး ယေဘုယျအားဖြင့် အမျိုးအစား ခြောက်မျိုးခွဲခြားထားပါတယ်။ အဲဒီခြောက်မျိုးအနက် ကျွန်တော် Power Point မှာပြထားတဲ့အတိုင်း အုပ်စု(၃)ကနေ အုပ်စု(၆)အထိဖြစ်တဲ့ ရွှေနှင့်အဖိုးတန်သတ္တုများ၊ ရွှေနှင့်အဖိုးတန်သတ္တုမှအပ အခြားသတ္တုများ၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများနှင့် ကျောက်များအတွက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းများကို မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ စိစစ်ပြီးတော့ ခွင့်ပြုပေးလျက်ရှိပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့အတိုင်းပါပဲ။ မြန်မာ့သတ္တုတွင်းဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကနေပြီးတော့ ၆-၉-၁၉၉၄ ရက်စွဲပါဥပဒေအမှတ်(၈/၉၄)နဲ့ပြဋ္ဌာန်းခဲ့ပြီးတော့ မြန်မာ့သတ္တုတွင်းနည်းဥပဒေကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ သတ္တုတွင်းဝန်ကြီးဌာနကနေပြီးတော့ ၃၀-၁၂-၁၉၉၆ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်(၁၂၅/၉၆)နဲ့ ဆက်လက်ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ထားတဲ့သတ္တုတွင်းဥပဒေပုဒ်မ ၁၀ နဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၄၄ အရ ဓာတ်သတ္တုလက်လုပ်လက်စားများကို လုပ်ကိုင်ခွင့်များပေးခဲ့ပါတယ်။ လောလောဆယ်အားဖြင့် ခွင့်ပြုထားတဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်ငါးခုမှာ လက်လုပ်လက်စား ၃၁ ဦး ရှိပါတယ်။ မြန်မာ့သတ္တုတွင်းဥပဒေ(၁၉၉၄)ကိုပြင်ဆင်တဲ့ဥပဒေကိုတော့ ၂၄-၁၂-၂၀၁၅ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၇၂)နဲ့ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီပြင်ဆင်တဲ့ဥပဒေ ပုဒ်မ ၆ မှာ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပါပဲ။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဤဥပဒေအရ ထုတ်ပြန်တဲ့နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိတဲ့

သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ လက်လုပ်လက်စား ထုတ်လုပ်ခြင်းကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၀ မှာကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘော တူညီချက်နဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသို့ သတ္တုစက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်နှင့်စပ်လျဉ်း၍ လက်လုပ်လက်စားချထားခြင်း ခွင့်ပြုမိန့်ထုတ် ပေးရန် ပုဒ်မ ၆ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ကြီးဌာနနှင့်ညှိနှိုင်းသဘောထားရယူ၍ ခွင့်ပြု မိန့်ကိုထုတ်ပေးနိုင်သည်ဟုလည်းကောင်း ဖော်ပြထားပါတယ်။

အထက်ပါ ကျွန်တော်ဖော်ပြထားတဲ့ ပုဒ်မ ၆ နှင့် ပုဒ်မ ၁၀ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်မှာရှိတဲ့ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို ဝန်ကြီးဌာနကနေပြီးတော့ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့သဘောတူညီချက်နဲ့ ဖွဲ့စည်းပေးနိုင်တယ်လို့ ပုဒ်မ ၆(က)မှာ ထပ်မံပြဋ္ဌာန်းထားပါတယ်။ အဆိုပါသတ္တုတွင်းဥပဒေကိုပြင်ဆင်တဲ့ဥပဒေအရ လက်လုပ်လက်စားလုပ်ကိုင်ခွင့်ကို တိုင်းဒေသကြီး နှင့်ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့တို့ တင်ပြလျှောက်ထားရမှာဖြစ်ပြီးတော့ ဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်းများကို နည်းဥပဒေအသစ်မှာ ထည့်သွင်းပြုစုထားပါတယ်။ ယခုအခါ မြန်မာ့သတ္တု တွင်းနည်းဥပဒေကြမ်းကို ရေးဆွဲပြီးဖြစ်တဲ့အတွက် စိစစ်သဘောထားတင်ပြရန် ပြည်ထောင်စုရှေ့နေ ချုပ်ရုံးကို ၁၁-၁-၂၀၁၇ ရက်နေ့မှာ ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် သဘောထားပြန်ကြားချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်အတည်ပြုပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောတူညီချက်ဖြင့် အမြန်ဆုံး ထုတ်ပြန်နိုင်ရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ နည်းဥပဒေအသစ်မထုတ်ပြန်မီ လက်ရှိကာလမှာတော့ ၁၉၉၄ ခုနှစ် ဥပဒေအရခွင့်ပြုထားတဲ့ လက်လုပ်လက်စားလုပ်ကွက်များကိုသာ တည်ဆဲနည်းဥပဒေပါအတိုင်း သက်တမ်းတိုးခြင်းအားဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး တော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်ဆိုတဲ့အကြောင်းနှင့် ရွှေအပါအဝင် ခဲတံသတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းနှင့်ကျောက်လက်လုပ်လက်စား လုပ်ကွက်အသစ်များကိုတော့ ဥပဒေနှင့်အညီ တစ်ပြေးညီ တည်းဖြစ်စေရန်အတွက် နည်းဥပဒေအသစ်ထွက်ရှိမှသာ ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

**တရားဝင်သစ်စက်နှင့် သစ်ဆိုင်မရှိသော မြို့ငယ်များတွင် ကျွန်းနှင့် သစ်မာများကို ပြည်သူများ တရားဝင်သုံးစွဲခွင့်ရရန် မည်သည့်မူဝါဒများချမှတ်၍ မည်သို့ အကောင်အထည်ဖော်ပေးမည်နှင့် ပြည်ပပို့ကုန်အတွက် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် စီမံထားသော သစ်တော(Sustainable managed forest/ planting)ပြုစုပျိုးထောင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ မူဝါဒများနှင့် ပတ်သက်ပြီးမှ မေးခွန်းမေးမြန်းလိုခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာ နိုင်ငံဒေသအနှံ့အပြားမှာ ပုဂ္ဂလိကနေအိမ်များတည်ဆောက်ရန်အတွက်ဖြစ်စေ၊ ဘာသာရေး အဆောက်အဦများတည်ဆောက်ရန်အတွက်ဖြစ်စေ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေနဲ့ တည်ဆောက်ရသော အဆောက်အဦများ၊ လမ်းများ၊ တံတားများအတွက်ဖြစ်စေ၊ သစ်တောထွက်ပစ္စည်းများဖြစ်တဲ့ သစ် ပျဉ် များကို မရှိမဖြစ် သုံးစွဲနေကြရဆဲ ဖြစ်ပါတယ်။ မြို့ကြီးများမှာတော့ တရားဝင်ဝယ်ယူရရှိနိုင်တဲ့ သစ်ဆိုင် များရှိတဲ့အတွက် ကျွန်းသားနှင့် အခြားသစ်မာများကို တရားဝင်ဝယ်ယူရရှိနိုင်ပေမဲ့ မြို့ငယ်အများစု ဟာ တရားဝင်ဝယ်ယူရရှိနိုင်တဲ့ သစ်ဆိုင်များမရှိပါဘူးခင်ဗျား။ ဖောင်းပြင်မြို့နယ်ကို ဥပမာပြရရင် ၁၉၉၂ ခုနှစ်သစ်တောဥပဒေပုဒ်မ ၁၉၊ နည်းဥပဒေ ၈၉၊ ၉၀ တို့မှာ သစ်မာတန် ၆၀၀၀ အထက်နှင့် တန် ၆၀၀၀ အောက်ခွဲစိတ်နိုင်တဲ့ သစ်စက်များကို ဥပဒေအရ ခွင့်ပြုထားခဲ့သော်လည်း တရားဥပဒေစိုးမိုးမှု အားနည်းတဲ့အတွက် မှောင်ခိုသစ်စက်များပေါ်များလာသောကြောင့် ဥပဒေနှင့်အညီ လည်ပတ်နေတဲ့ သစ်စက်များဟာ ဈေးကွက်မှာမယှဉ်ပြိုင်နိုင်တော့ဘဲနဲ့ ပိတ်သိမ်းခဲ့ကြရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောဥပဒေမှာ ကျွန်းကိုတရားဝင် ထုတ်ယူသုံးစွဲခွင့်မရှိခြင်း၊ ကျွန်းသားကို တရားဝင်ရောင်းချတဲ့ သစ်ဆိုင်များ မြို့ငယ်များတွင် မရှိခြင်းဟာ ကျွန်းသစ်မှောင်ခို လုပ်ငန်းများကို အားပေးသကဲ့သို့ဖြစ်နေပြီး နိုင်ငံတော်မှ ရရှိမည့်ဘဏ္ဍာငွေကိုလည်း ဆုံးရှုံးစေတဲ့ အပြင် နိုင်ငံသားအချင်းချင်းတန်းတူညီမျှ အခွင့်အရေးရရှိဖို့ကိုလည်း ဆုံးရှုံးစေတယ်လို့ ယူဆမိပါ

တယ်ခင်ဗျား။ ကျွန်းပင်ပေါက်တဲ့မြန်မာနိုင်ငံမှာမွေးဖွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်က နိုင်ငံခြားကို ခိုးထုတ်ရန်အတွက်လည်းမဟုတ်၊ ပြည်တွင်းမှာဒေသတစ်ခုမှတစ်ခုကို တင်ပို့ရောင်းချဖို့အတွက်လည်း မဟုတ်ဘဲနဲ့ နေအိမ်ဆောက်လုပ်ဖို့ အမှန်ထင်ရှားပါလျက်နဲ့ အဲဒီပုဂ္ဂိုလ်ကို အထူးဥပဒေပုဒ်မ ၆၁ နဲ့ တရားစွဲဆိုခံရခြင်းကလည်း မြန်မာနိုင်ငံသားတစ်ယောက်အဖို့ အနိဋ္ဌာရုံလို့ ယူဆမိပါတယ်ခင်ဗျား။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူ ပုဒ်မ ၃၆ အပိုဒ်ခွဲ(ဂ)မှာ နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီး များဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေးရှုဆောင်ရွက်မည်လို့ ပြဋ္ဌာန်းထားတဲ့အချက်ဟာ အခုကျွန်တော်တင်ပြ နေတဲ့ ကိစ္စနှင့်ဆက်စပ်နေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ မြို့ငယ်အများစုမှာ ကျွန်းနှင့်သစ်မာများကို တရားဝင် ဝယ်ယူရရှိနိုင်တဲ့ သစ်ဆိုင်များ၊ သစ်စက်များမရှိခြင်းကြောင့် ပြည်သူများအခက်အခဲနှင့် ကြုံတွေ့နေကြရပါတယ်။

ပြည်သူများအခက်အခဲနှင့် ကြုံတွေ့ရသလို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရာမှာလည်း အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ တရားဝင် သစ်စက်နှင့် သစ်ဆိုင်များမရှိသည့်မြို့များမှာ (၁) ကျွန်းနှင့်သစ်မာများ ကို ပြည်သူများတရားဝင်သုံးစွဲခွင့်ရရန် မည်သည့်မူဝါဒများချမှတ်၍ မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိပါသလဲ။ (၂) ပြည်တွင်းသုံးစွဲရန်နှင့် ပြည်ပပို့ကုန်အတွက် စဉ်ဆက် မပြတ်ထုတ်လုပ်နိုင်ရန် စီမံထားသော သစ်တောများ (Sustainable managed forest) ပြုစု ပျိုးထောင်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြား ရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ တရားဝင်သစ်စက်နှင့် သစ်ဆိုင်

မရှိသော မြို့ငယ်များတွင် ကျွန်းနှင့်သစ်မာပင်များကို ပြည်သူများ တရားဝင်သုံးစွဲခွင့်ရရန် မည်သည့်မူဝါဒများချမှတ်၍ မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိပါသနည်း။ ပြည်တွင်းသုံးစွဲရန်အတွက် သစ်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက်နှင့် ပြည်ပပို့ကုန်အတွက်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် စီမံထားသောသစ်တောများ ပြုစုပျိုးထောင်ခြင်း အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မေးခွန်းမှာ ကျွန်းနှင့်သစ်မာများကို ပြည်သူများ တရားဝင်သုံးစွဲခွင့်ရရှိရန်မူဝါဒများ ချမှတ်ထားခြင်းအပိုင်းနဲ့ ပြည်တွင်းနှင့်ပြည်ပ တင်ပို့ရောင်းချခြင်း၊ သုံးစွဲခြင်းများအတွက် စဉ်ဆက်မပြတ်ထုတ်လုပ်ရန် စီမံထားတဲ့ သစ်တောပြုစုရန်ဆောင်ရွက်တဲ့ အစီအစဉ်ကို သိလိုတယ်ဆိုတဲ့ အပိုင်းနှစ်ပိုင်းရှိတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်နှစ်ပိုင်းကို တစ်ပိုင်းစီခွဲပြီး ဖြေကြားသွားပါမယ်။ ပထမပိုင်းအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ ပြည်သူများသုံးစွဲနိုင်ရန်အတွက် သစ်ဝယ်ယူရေးအတွက်ကို နည်းလမ်းသုံးလမ်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီနည်းလမ်းသုံးလမ်းရဲ့ ပထမနည်းလမ်းကတော့ ဝန်ကြီးဌာနလက်အောက်ရှိမြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအနေနှင့် ပုဂ္ဂလိကနေအိမ်များ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး အဆောက်အအုံများနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်လျက်ရှိတဲ့ အဆောက်အအုံများ၊ ပြည်သူ့ဗဟိုပြုအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(Small and Medium Enterprise)ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအထောက်အကူဖြစ်စေရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဝယ်ယူလိုသူများကို သစ်လုံးနဲ့ခွဲသားများကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ဖြန့်ဖြူးပြီးတော့ ရောင်းချလျက်ရှိပါတယ်။

တစ်နိုင်ငံလုံးမှာရှိတဲ့ သစ်စက်/သစ်ဆိုင်/သစ်အချောထည်ပရိဘောဂလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းလိုင်စင်ရှိသူများ လုပ်ငန်းရှင်ကြီးများ အလတ်၊ အငယ်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီးတော့ အဆိုပါတင်ဒါ အောင်မြင်သူများကနေပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်များက သစ်လုံးများကို လိုအပ်သလို ခွဲစိတ်ရောင်းချပေးခြင်းအားဖြင့် ပြည်သူများက လွတ်လွတ်လပ်လပ်သုံးစွဲနိုင်ပြီးတော့ သစ်ခွဲသားကိုမှ ဝယ်ယူလိုသူများအတွက်ကလည်း သစ်ခွဲသားအိတ်ဖွင့်တင်ဒါများကို ဝင်ရောက်ပြီးတော့ ယှဉ်ပြိုင်ဝယ်ယူနိုင်ရေးဖြစ်ပါတယ်။ ကျွန်တော် Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ။ သစ်လုပ်ငန်းအနေနဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ရန်ကုန်မြို့မှာ အိတ်ဖွင့်တင်ဒါ (၆၉)ကြိမ်၊ တိုင်းဒေသကြီးတွေမှာ (၅၉၆)ကြိမ်နဲ့ ကျွန်း၊ သစ်လုံး ၄၇၅၆၅ တန်နဲ့ ကျွန်းခွဲသား ၂၀၇၅၄

**မူကြမ်း**

တန်နှင့် အခြားသစ်မာသစ်လုံး ၆၂၀၉၄၇ တန် သစ်မာခွဲသား ၃၂၀၁၀၉ တန်ကို ရောင်းချခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ စစ်ကိုင်းတိုင်းအတွက်ကတော့ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိကို ကျွန်းသစ်လုံး ၆၄၈၂ တန်နဲ့ ကျွန်းခွဲသား ၂၈၃၂ တန်၊ သစ်မာသစ်လုံး ၃၁၃၈၉၃ တန်၊ သစ်မာခွဲသား ၄၃၅၃၈ တန်ကို ရောင်းချခဲ့ပါတယ်။

ဒုတိယနည်းလမ်းရှိပါသေးတယ်။ ဒုတိယနည်းလမ်းကတော့ သစ်တောဦးစီးဌာနက ဖမ်းဆီးရရှိတဲ့သစ်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပြီးတော့ ဌာနကသတ်မှတ်ထားတဲ့ ပုံစံ(၈) ရေးသွင်းပြီးတော့ မြန်မာ့သစ်လုပ်ငန်းက လက်ခံရယူခြင်းမရှိတဲ့ပုံစံ(၈)ဝင် ကျွန်းနှင့်သစ်မာများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ပြည်သူများသုံးစွဲရန်ရည်ရွယ်ပြီးတော့ ရောင်းချတဲ့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ကို ကျော်လွန်ပြီး သယ်ယူခွင့်မပြုတဲ့ ကန့်သတ်ချက်နဲ့ သက်ဆိုင်ရာခရိုင်သစ်တောဦးစီးဌာနရုံးများ၌ လေလံတင်ရောင်းချရာမှာ ဝယ်ယူနိုင်ခြင်းဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့လည်းပဲ ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အထိကို ကျွန်တော်တို့ နိုဝင်ဘာလကုန်အထိဆိုလို့ ရှိရင် သစ်ခွဲသား ၇၀၃၉၆.၉၁၀၁ တန် ရောင်းချခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအတွက်ကိုတော့ ပုံစံ(၈) ကျွန်းနှင့် သစ်မာကို ၂၇၃၀၁.၀၇၈၇ တန် လေလံတင် ရောင်းချပေးခဲ့ပါတယ်။

နောက် တတိယနည်းလမ်းကတော့ ကျွန်တော်တို့ အခုအစိုးရသစ် တက်လာတဲ့အခါမှာ ကျွန်တော်တို့ဒါ ဆောင်ရွက်ပေးတဲ့ နည်းလမ်းဖြစ်ပါတယ်။ ဒီနည်းလမ်းကတော့ သစ်တောဦးစီးဌာနရဲ့ပုံစံ(၈)ဝင်သစ်များကို လေလံတင်ရောင်းချခြင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးနှင့် ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းရောင်းရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကနေပြီးတော့ အောက်ဖော်ပြပါလုပ်ငန်းစဉ်(၇)ဆင့်နဲ့ ပုံစံ(၈)သစ်များကို တိုက်ရိုက်ရောင်းချပေးခဲ့ပါတယ်။ အဆင့် (၇) ဆင့်ကို ကျွန်တော်တင်ပြပါ့မယ်။

(၁)သစ်တောဦးစီးဌာနမှ ပုံစံ(၈)စာရင်းဝင်သစ်(တမလန်း၊ ပိတောက်၊ သင်းဝင်မှအပ)များကို စဉ်ဆက်မပြတ် ရောင်းချပေးနိုင်ရန် ဆောင်ရွက်ခြင်း၊ (၂) လိုအပ်ချက်အပေါ်မူတည်ပြီးတော့ တစ်ကြိမ်လျှင် သစ်ခွဲသား တန် ၂၀၀ ထက်မပိုစေဘဲ ရောင်းချပေးရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ညှိနှိုင်းအကြောင်းကြားခြင်း၊ (၃) သစ်တောဦးစီးဌာန၏ သတ်မှတ်ကြမ်းခင်းဈေးနှုန်းဖြင့် ပုံစံ(၈)များအတွက် အခွန်တော်ငွေကို ပေးသွင်းစေပြီး သစ်များကို လွှဲပြောင်းရောင်းချခြင်း၊ ဤနည်းလမ်းအားဖြင့် ကြမ်းခင်းဈေးဖြစ်တဲ့

အတွက်ကြောင့်မို့လို့ ဝယ်ယူသူများအားဖြင့် အလွန်ပင်ချိုသာတဲ့ ဈေးနှုန်းဖြစ်ပါတယ်။ (၄) လိုင်စင်ရ သစ်စက်နေရာသို့ သစ်တောဦးစီးဌာရဲ့ ကြီးကြပ်မှုနဲ့ သယ်ယူခြင်း၊ ခွဲစိတ်ခြင်း၊ သယ်ယူပို့ဆောင်ခနှင့် ခွဲစိတ်ခများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရကနေပြီးတော့ကျခံခြင်း၊ (၅) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားတဲ့အဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ပြည်သူသုံးသစ်များကို ခွဲစိတ်ခြင်းကို သစ်တောဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်း၊ (၆) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရမှ ကြီးကြပ်မှုနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ကနေပြီးတော့ သစ်ရဲ့လိုအပ်ချက်အမှန်ရှိတဲ့ ပြည်သူများကို သတ်မှတ်ဈေးနှုန်းနဲ့ တိုက်ရိုက်ရောင်းချခြင်း၊ (၇) တိုင်းဒေသကြီး/ပြည်နယ်အစိုးရ လက်ဝယ်မှာရှိတဲ့ ပိုလျှံတဲ့သစ်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ကြီးကြပ်မှုနဲ့ တိုက်ရိုက်လေလံ ရောင်းချခြင်းအစရှိတဲ့ နည်းလမ်းများနဲ့ ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်နေတာကို အခုဆိုလို့ ရှိရင် စစ်ကိုင်းတိုင်းကိုတော့ အခုထိပုံစံ(၈)ကိုတော့ ခုနက ကျွန်တော်ပြောတဲ့ နံပါတ်(၃) အစီအစဉ်အရ ဆိုလို့ရှိရင် ကျွန်တော်တို့ တန်ပေါင်းခွဲသား ကျွန်းနှင့်သစ်မာခွဲသား ၂၀၀.၀၁၃၇ တန် အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုကို စုစုပေါင်း ၇၃၄.၂၇၂၆ တန် ရောင်းချပြီး ဖြစ်ပါတယ်။

ကျွန်တော် ဒုတိယမေးခွန်းနှင့်ပတ်သက်ပြီးတော့ ဖြေကြားပါ့မယ်။ Sustainable Forest managed အရ သစ်တောစီမံအုပ်ချုပ်ခြင်းကို ၁၈၅၆ ခုနှစ်ကတည်းက စပါတယ်။ ခုနက ကိုယ်စားလှယ် တော်ကြီးတင်ပြတဲ့အထဲမှာ ကျွန်းကိုတော့ ကျွန်တော်တို့ ၁၇၅၂ ခုနှစ် အလောင်းမင်း တရားလက်ထက် ကတည်းကနေပြီးတော့ တော်ဝင်သစ် Royal Tree အနေနဲ့ကို သတ်မှတ်ထားတာ အခုထိဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒါနဲ့ပတ်သက်ပြီးတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ ကျွန်းပင်အောက်မှာရှိပါလျက်နဲ့ ကျွန်းကိုအသုံးပြုတဲ့လူတွေ အကန့်အသတ်ရှိမှာ စိုးလို့ ကျွန်တော်တို့ အဲဒီဥပဒေကို ပြင်ဆင်ရန်အတွက်လည်းပဲ တင်ပြထားပါတယ်။ အဲဒီဥပဒေကို ပြင်ဆင်ပြီးလို့ရှိရင်ကတော့ ကျွန်တော်တို့ ဒီကျွန်းကို လွတ်လွတ်လပ်လပ်အများ ပြည်သူသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော် ဆက်လက်ပြီးတော့ တင်ပြရမယ်ဆိုလို့ရှိရင် ဒီ Sustainable forest managed နဲ့ပတ်သက်ပြီးတော့ ခရိုင်စီမံချက်များကို ကျွန်တော်တို့ ၁၀ နှစ်စီမံကိန်းနဲ့ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့ သစ်တောရဲ့ သယံဇာတဟာ FAO ရဲ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလရဲ့ FRA တွေ Forest Resource Assessment မှာ ၄၂.၉၂ ရာခိုင်နှုန်းထိပဲ သစ်တောဖုံးလွှမ်းမှုက ကျန်ပါတော့တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သစ်တောဖုံးလွှမ်းမှုကို ပြန်လည်တိုးမြှင့်ရန်အတွက်ကိုဆိုပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ

တော့ အများသိကြတဲ့အတိုင်းပါပဲ။ မြန်မာတစ်ဝန်းကို သစ်ထုတ်လုပ်မှုကို ရပ်ထားပါတယ်။ အဲဒီနည်းတူပဲ ကျွန်းသစ်ရဲ့ မူလဇာတိဖြစ်တဲ့ ပဲခူးရိုးမကိုလည်းပဲ ၁၀ နှစ် သစ်ထုတ်ခြင်းကိုလည်းပဲ ကျွန်တော်တို့ ရပ်နားထားပါတယ်။ အခု ၂၀၁၇-၂၀၁၈ ပြန်လည်ပြီးတော့ သစ်ထုတ်ပါမယ်။ ထုတ်မယ့်နေရာလည်းပဲ သတ်မှတ်ထားတဲ့သစ်ရဲ့ (AAC) လို့ခေါ်တဲ့ (Anural Around able Card) ကို လျှော့ပြီးတော့ ထုတ်ရန်အတွက်လည်းပဲ ကျွန်တော်တို့ စီစဉ်ထားပါတယ်။ အဲဒီနည်းတူ တစ်ဖက်ကနေပြီးတော့ သစ်တောများတိုးပွားရန်အတွက်ကိုလည်းပဲ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၇ ကနေပြီးတော့ ၂၀၂၆ အထိကို ၁၀ နှစ် စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ အတည်ပြုချက် ရရှိပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီစီမံကိန်းများကို ငါးနှစ်စီ၊ ငါးနှစ်စီ ကျွန်တော်ခွဲပြီးတော့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးခရိုင်မှာရှိတဲ့ ၁၃ ခရိုင်၊ သစ်တောခရိုင် ၆၈ ခရိုင် စုစုပေါင်း ခရိုင် ၈၁ ခုမှာ ကျွန်တော် တို့ဆက်လက်ပြီးတော့ ဆောင်ရွက်သွားပါမယ်။ ဒီနေရာမှာ သစ်တောများပြုန်းတီးတဲ့နေရာတွေ သစ်တောအတန်းစားကျတဲ့နေရာမျိုးမှာ ကျဆင်းတဲ့နေရာတွေမှာ သင့်လျော်တဲ့ သစ်တောစိုက်ပျိုးပြုစုနည်းများနဲ့ အကောင်အထည်ဖော်မည်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေရဲ့ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ အများပြည်သူ သစ်ဝယ်ယူရရှိရေးနဲ့ သစ်တောဦးစီးဌာနနဲ့ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ရှေ့အရှည်သစ်တောများ စီမံကိန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ခုနက ဖြေကြားသွားတဲ့ အတိုင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်ဥက္ကလာပမြို့နယ်အတွင်းတွင် အမှိုက်စွန့်ပစ်ရန်ထားရှိသော အမှိုက်ပုံးနေရာ ၂၀ ခန့်ကို ရှင်းလင်း၍ ယခင်က ဆောင်ရွက်ခဲ့သော ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်အား ပြန်လည်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။

**မူကြမ်း**

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်ဟာနှစ်မိုင်ပတ်ချာလည်ခန့်ရှိပြီး လူဦးရေ ၁၇၀၀၀၀ ခန့်ရှိပါတယ်။ ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်ရှိပြီး ရပ်ကွက်တစ်ခု၏ အတွင်းလမ်းမကြီးများမှာ နှစ်လက်မ အများဆုံးငါးလမ်းအထိသာရှိပါတယ်။ ဟိုးအရင်တုန်းကတော့ အဲဒီအတွင်းလမ်းမကြီး တွေကို အမှိုက်သိမ်းကားတွေဟာ သတ်မှတ်ထားသောရက်အလိုက် ရောက်လာပါတယ်။ အဲဒီလို ရောက်လာတဲ့အချိန်မှာ လူတွေဟာ အမှိုက်သိမ်းကားရှိရာလမ်းထိပ်ကိုထွက်ပြီးတော့ အမှိုက်သွားပစ် ကြပါတယ်။ တော်တော်လေးအဆင်ပြေခဲ့ပါတယ်ခင်ဗျား။ အဲဒီတုန်းက မြို့နယ်မှာ နေထိုင်သူ လူဦးရေဟာ အခုလောက်တော့ မများသေးပါဘူးခင်ဗျား။ သို့သော်လည်းပဲ အခုခေတ်လို ဖိအားပေး အမှိုက်သိမ်းကားတွေမရှိသေးဘဲ ရိုးရိုးအုတ်၊ သဲ၊ ကျောက်သယ်တဲ့ကားတွေကိုပဲ အမှိုက် သိမ်းကား အဖြစ် အသုံးပြုခဲ့ကြပါတယ်။ အဲဒီတုန်းကလူဦးရေနှင့် အဲဒီတုန်းက အမှိုက်သိမ်းကားတွေနဲ့ပဲ အဆင်ပြေခဲ့ပါတယ်။ အဲဒီစနစ်ဟာ တဖြည်းဖြည်းပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရပါတယ်။ နောက်ပိုင်း ကျတော့ အမှိုက်ပုံးတွေကို မြို့နယ်ရဲ့အဓိကလမ်းမကြီးတွေမှာ ထားရှိခဲ့ပါတယ်။ တချို့နေရာတွေမှာ အမှိုက်ကန်လိုပုံစံမျိုးတွေကို လမ်းမကြီးတွေမှာ ထားခဲ့ပါတယ်ခင်ဗျ။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အမှိုက်ပုံးတွေဟာ အခုပုံမှာပြထားသလိုပဲ အမှိုက်များလျှံနေခြင်းဟာ အချိန်တော်တော်များများမှာ ဖြစ်ပေါ်နေပါတယ်။ ညဘက်ရောက်လျှင် အမှိုက်သိမ်းကားဖြင့် အမှိုက်များကို လာရောက်သိမ်းပါတယ်။ အမှိုက်ပုံးရှိတဲ့နေရာတွေမှာ ဌာနဆိုင်ရာတွေကတော့ ထုံးတွေ ဖြူးတဲ့အပိုင်းတွေတော့ရှိပါတယ်။ လပေါင်းများစွာကြာတော့ အမှိုက်ပုံးတွေဟာ အမှိုက်မရှိလည်း အနံ့များနံနေပြီး ပတ်ဝန်းကျင်ရှိနေအိမ် များဟာ ၎င်းအမှိုက်ပုံးများ၏ အနံ့များကို အမြဲတမ်းပဲ ခံနေရပါတယ်။ ထို့အပြင် ပုံမှာပြထားတဲ့အတိုင်း ကားလမ်းမပေါ်ထားရှိတဲ့ အမှိုက်ကန်တွေကြောင့် ယာဉ်လမ်းကြောပိတ်ဆို့မှုဖြစ်စေပြီး ရုံးတက်ရုံးဆင်း အချိန်များမှာ ယာဉ်လမ်းကြောပိတ်ဆို့မှုကို ပိုမိုဖြစ်ပေါ်စေပါတယ်။ မြို့နယ်နေပြည်သူများမှလည်း ဟိုအရင်ကဲ့သို့ ရပ်ကွက်၏အတွင်းလမ်းမကြီး ဆီသို့ အမှိုက်သိမ်းကားကို သတ်မှတ်ထားသောရက်အလိုက် လာရောက်ဖို့ကို လိုလားလျက်ရှိနေ ပါတယ်။ သို့ဖြစ်ပါ၍ ဟိုးအရင်ကဆောင်ရွက်ခဲ့သော ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ် သို့မဟုတ် သင့်တော်သော တစ်မြို့နယ်လုံး လွှမ်းခြုံမှုရှိသော အမှိုက်သိမ်းကားစနစ်ကို ဆောင်ရွက်ပေးနိုင်ပါရန် အတွက် တောင်ဥက္ကလာပမြို့နယ်ပြည်သူများကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးတင်ထွဋ်(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ကနဦးနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်၏ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်အတွင်းမှာ အမှိုက်စွန့်ပစ်ရန်ထားရှိတဲ့အမှိုက်ပုံးနေရာ ၂၀ ခန့်ရှိပြီး ၎င်းအမှိုက်ပုံးစွန့်ပစ်ရန်နေရာများကို ရှင်းလင်း၍ ယခင်ကဆောင်ရွက်ခဲ့သော ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်နဲ့ ပြန်လည်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာအနေဖြင့် မည်သို့စီစဉ်ထားရှိသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်မှရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်ဟာ ဧရိယာအားဖြင့် ၂.၉၇၃ စတုရန်းမိုင်ရှိပြီး စက်မှုဇုန်တစ်ဇုန် အပါအဝင် ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၄၄၈၄၂ စုနှင့် လူဦးရေစုစုပေါင်း ၂၉၃၇၂၀ ဦးခန့်ရှိပါတယ်။ တောင်ဥက္ကလာပမြို့နယ်အတွင်းမှာ နေ့စဉ်အမှိုက်တန်ချိန် ၉၀ ကျော် ထွက်ရှိပြီးတော့ အဲဒီအမှိုက်တွေကို တောင်ဥက္ကလာပမြို့နယ် သန့်ရှင်းရေးတာဝန်ခံရုံးက နေ့စဉ်အပြောင်သိမ်းဆည်းထားလျက်ရှိပါတယ်။ တောင်ဥက္ကလာပမြို့နယ်သန့်ရှင်းရေးတာဝန်ခံရုံးက အဲဒီလို နေ့စဉ်ထွက်ရှိတဲ့ အမှိုက်တွေကို သိမ်းဆည်းဖို့အတွက် သန့်ရှင်းရေးဝန်ထမ်းစုစုပေါင်း ၁၃၈ ဦး ခန့်ထားပြီးတော့ အမှိုက်သိမ်းယာဉ်ရှစ်စီး၊ အမှိုက်သိမ်းလှည်း ၄၆ စီး၊ ကွန်တိန်နာအမှိုက်ပုံး ကြီး(သံကန်)လေးကန်၊ ကွန်တိန်နာအမှိုက်ပုံးလတ်(သံကန်)တစ်ကန်နှင့် အုတ်အမှိုက်ကန် ၁၀ ကန်၊ ၆၆၀ လီတာဆံ့အမှိုက်ပုံး ၂၆၄ ပုံးနှင့် ၂၄၀ လီတာဆံ့အမှိုက်ပုံး ၉၄ ပုံးတို့ကို ဖြန့်ခွဲချထား ဆောင်ရွက်လျက်ရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ အမှိုက်ကန်စနစ်၊ အမှိုက်ပုံးစနစ်၊ လှည်းသိမ်းစနစ်၊ ခေါင်းလောင်းတီးစနစ်၊ ဆေးရုံ/ဆေးခန်းအမှိုက်သိမ်းစနစ်၊ သီးခြားအမှိုက်သိမ်း စနစ်(On Call)စတဲ့ စနစ်အသီးသီးနဲ့ သိမ်းဆည်းဆောင်ရွက်လျက်ရှိပြီးတော့ အဲဒီအမှိုက်သိမ်းစနစ်များထက် ပိုမိုကောင်းမွန်ပြီးတော့ ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်နှင့် သဘောသဘာဝနီးစပ် တူညီတဲ့

အမှိုက်ထုပ်ကောက်စနစ်ကို လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ကစပြီးတော့ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒီအမှိုက်ထုပ်ကောက် အမှိုက်သိမ်းစနစ်ဆိုတာကတော့ အမှိုက်တွေကိုအိတ်နဲ့ လုံခြုံစွာချည်နှောင်ပြီးတော့ သတ်မှတ်နေရာမှာ အမှိုက်ထုပ်များချထားစေပြီး သတ်မှတ်ရက်၊ သတ်မှတ်အချိန်၊ သတ်မှတ်လမ်းကြောင်းအတိုင်း မပျက်မကွက် သိမ်းဆည်းတဲ့စနစ်ဖြစ်ပါတယ်။ အဲဒီအမှိုက်ထုပ်ကောက်သိမ်းစနစ်ကြောင့် ပြည်သူများအဆင်ပြေလွယ်ကူဖို့ အမှိုက်စွန့်လာနိုင်ပြီးတော့ ၎င်းစနစ်ကို အမှိုက်စွန့်ပစ်တဲ့ပြည်သူတွေအနေနဲ့ ထောက်ခံမှု၊ တောင်းခံမှုတွေရတဲ့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ မြို့နယ် ၂၅ မြို့နယ်မှာ ရှိတဲ့ ရပ်ကွက် ၄၇ ရပ်ကွက်နဲ့ လမ်းပေါင်း ၅၂ လမ်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ ပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်တွင်လည်း အဲဒီအမှိုက်ထုပ်ကောက်သိမ်း အမှိုက်သိမ်းစနစ်ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကစတင် ပြီးတော့ အမှတ် (၁၀) ရပ်ကွက်မှာရှိတဲ့ အတွင်းလမ်းသွယ်လေးလမ်းမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများနဲ့ ဆွေးနွေးညှိနှိုင်းချက်အရ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှာ အမှတ် (၁၀) ရပ်ကွက်မှာရှိတဲ့ အတွင်းလမ်းသွယ်ပေါင်း ၄၄ လမ်းကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တောင်ဥက္ကလာပမြို့နယ်အတွင်းမှာ အမှိုက်ထုပ်ကောက်၊ အမှိုက်သိမ်းစနစ်ကို စမ်းသပ်ဆောင်ရွက်လျက်ရှိတဲ့အပြင် အမှတ် (၃)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄) ရပ်ကွက်များမှာရှိတဲ့ အတွင်းလမ်းမများမှာလည်း အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းလှည်းများနဲ့ ရက်ခြားစနစ်နဲ့ ခေါင်းလောင်းတီး အမှိုက်သိမ်းဝန်ဆောင်မှုတွေ ပေးလျက်ရှိပါတယ်။ အမှိုက်ထုပ်ကောက်စနစ်နဲ့ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ကို ဝန်ဆောင်မှုမပေးနိုင်သေးတဲ့ အမှတ် (၄) ရပ်ကွက်နှင့် အမှတ် (၁၅) ရပ်ကွက်တွေမှာ ဌာနကနေပြီးတော့မှ အမှိုက်ပုံး၊ အမှိုက်ကန်များဖြန့်ခွဲချထားပြီး နေ့စဉ်သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အဲဒီရပ်ကွက်တွေမှာ အမှိုက်ထုပ် ကောက်သိမ်းအမှိုက်သိမ်းစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အမှိုက်ထုပ်ကောက် အမှိုက်သိမ်းစနစ်ကို ပြည်သူတွေလက်ခံလာတဲ့နည်းတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်ပယ်အတွင်းမှာရှိတဲ့ တောင်ဥက္ကလာပမြို့နယ်အပါအဝင် မြို့နယ်အသီးသီးမှာ အဲဒီစနစ်ကို တိုးချဲ့ဆောင်

ရှက်သွားမှာဖြစ်ပါတယ်။ သို့ရာတွင် အမှိုက်ထုပ်ကောက် အမှိုက်သိမ်းစနစ်တိုးချဲ့ဆောင်ရွက်နိုင်ရန် အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းလှည်းများလိုအပ်လျက်ရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ တိုးမြှင့်ဝယ်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေ ခွဲဝေရရှိမှုအရ အမှိုက်သိမ်းယာဉ်၊ အမှိုက်သိမ်းလှည်းများ တိုးမြှင့်ဖြည့်ဆည်းပြီးတော့ ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်နဲ့ သဘောသဘာဝနည်းစပ်ပြီးတော့ ပိုမိုကောင်းမွန်တဲ့ အမှိုက်ထုပ်ကောက် အမှိုက်သိမ်းစနစ်ကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပြီး ရပ်ကွက်နေပြည်သူများမှ အမှိုက်ထုပ်ကောက် အမှိုက်သိမ်းစနစ်သို့ စည်းကမ်းစနစ်ကျ စွန့်ပစ်လာစေဖို့လည်း အသိပညာ ပေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်သူများရဲ့ အဲဒီစနစ်အပေါ်မှာ ယုံကြည်လက်ခံဆောင်ရွက် လာသည့်အခြေအနေအပေါ်မူတည်ပြီး ခွဲချထားရန် မလိုအပ်တဲ့ နေရာများမှ အမှိုက်ပုံးတွေကို သိမ်းဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ပါဝင်ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးခင်ချိုအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်တင်ပြဆွေးနွေးမယ့်ကိစ္စကတော့ နိုင်ငံတော်မှာ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှု၊ သစ်တောများပြုန်းတီးလာမှုများ ပြုပြင်

ကာကွယ်ရေးထက် နိုင်ငံနှင့် ပြည်သူပြည်သားဘဝမြင့်မားတိုးတက်လာရေးကို အထောက်အကူပြုစေနိုင်တဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းလာစေရေး နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆို တင်သွင်းမှာဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးကလည်းအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သစ်တောပြုန်းတီးမှုနှင့် ဝါးကထုတ်လုပ်တဲ့ပစ္စည်းများနဲ့ပတ်သက်တဲ့ Power Point ကိုတော့ အချိန်ကိုငဲ့ကွက်လို့ နောက်ဆုံးမှ တင်ပြခွင့်ပြုဖို့ ကြိုတင်ခွင့်ပြုချက် တောင်းချင်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ သစ်တောပြုန်းတီးမှု အတော်လေးဆိုးရွားနေတာကြောင့် ရာသီဥတုဖောက်ပြန်မှု၊ ဂေဟစနစ်ပျက်ယွင်းမှုတွေ အတော်လေးဖြစ်ပေါ်နေတဲ့အတွက်ကြောင့် သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးလုပ်ငန်းကို အားသွန်ခွန်စိုက် ဆောင်ရွက်ဖို့လိုလာပါတယ်။ သစ်တောပျောက်ဆုံးမှုဟာ ၁၉၇၅ ခုနှစ်ကနေပြီးတော့ ၁၉၈၉ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်းမှာ ဟက်တာတစ်သိန်းကျော်ရှိပေမဲ့ ၁၉၈၉ ခုနှစ်ကနေပြီးတော့ ၁၉၉၈ ခုနှစ်အထိ ကိုးနှစ်တာကာလမှာတော့ ဟက်တာ လေးသိန်းခွဲ ပျောက်ဆုံးကြောင်း သိရပါတယ်။ ၂၀၀၂ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ဒေသကိုးခုကို စစ်တမ်းကောက်ကြည့်တဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမှာ ၈၇၁၁၆ ဟက်တာ၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမှာ ၅၅၇၀၈ ဟက်တာ၊ ကချင်ပြည်နယ်ဖားကန့်မှာ ၃၉၀၈၉ ဟက်တာ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်ကြောင်း သိရပါတယ်။ ၂၀၀၂ ခုနှစ်ကနေပြီးတော့ ၂၀၁၄ ခုနှစ်အထိ သစ်တောပြောင်းလဲမှုရာခိုင်နှုန်းအရ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်သစ်တောပျက်စီးမှုအနေနဲ့ မွန်ပြည်နယ်ဟာ ၅၂ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးကတော့ ၄၄ ရာခိုင်နှုန်းနဲ့ ဒုတိယအများဆုံး၊ ရှမ်းပြည်နယ်ကတော့ ၂၆ ရာခိုင်နှုန်းနဲ့တတိယအများဆုံးဖြစ်တာတွေ့ရပြီး ပျက်စီးမှုပမာဏအရ ရှမ်းပြည်နယ်က ၆၃၂၆၀၆ ဟက်တာနဲ့အများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးက ၂၇၉၈၆၁ ဟက်တာနဲ့ ဒုတိယအများဆုံး၊ ကချင်ပြည်နယ်က ၂၀၉၀၄၇ ဟက်တာနဲ့ တတိယအများဆုံးဖြစ်တာ သိရပါတယ်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ FAO ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အာဖရိကနိုင်ငံ၊ ဒါဗင်မြို့မှာ ကျင်းပတဲ့ကမ္ဘာ့သစ်တောများကွန်ကရက်မှာ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်ကာလအတွင်း သစ်တောပြုန်းတီးမှုမှာ မြန်မာနိုင်ငံက အဆင့်သုံးမှာ ရှိကြောင်းသိရပါတယ်။ တစ်ဖက်ကလည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနှင့် စက်ရုံ၊ အလုပ်ရုံတွေ၊ မော်တော်ယာဉ် စတာတွေ များလာမှာဖြစ်တဲ့အတွက်ကြောင့်ကာဗွန်ဓာတ်တွေ လေထုထဲပိုများလာမှာဖြစ်တဲ့အတွက် ရာသီဥတုပူနွေးလာတာ၊ အိုဇုန်းလွှာ

ပိုမိုပျက်စီးလာတာ၊ ရာသီဥတုဖောက်ပြန်မှုပိုမိုလွန်ကဲလာတာတွေ ဖြစ်လာမှာသေချာတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် သစ်တော၊ သစ်ပင်အစားထိုးပြန်လည်စိုက်ပျိုးရေးလုပ်ငန်းအား မလွဲမသွေပြန်လည်လုပ်ပေးဖို့ လိုလာပါတယ်။ သစ်ပင်တစ်ပင် ရှင်သန်ကြီးထွားဖို့ဆိုတာ နှစ်ပေါင်း ၁၀ နှစ်ကနေ နှစ် ၂၀ လောက် အနည်းဆုံးလိုအပ်ပါတယ်။ သစ်တောရဲ့သဘာဝထွက်ကုန်ဖြစ်တဲ့ ဝါးကျတော့ တစ်နှစ်နှင့် သုံးနှစ်ဆိုရင် အများဆုံးအသုံးပြုလို့ရတဲ့အခြေအနေရှိတဲ့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအရ ကာဗွန်ဓာတ်စုပ်ယူနိုင်မှုစွမ်းအားဟာ ဝါးပင်တွေက သစ်ပင်တွေထက်ကို ငါးဆလောက်မြင့်မားကြောင်း ပညာရှင်တွေရဲ့ဖော်ပြချက်အရ ဖတ်ခဲ့ရဖူးပါတယ်။ ဝါးဟာ ကျေးလက်နေပြည်သူတွေအတွက် စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးလုံးကို ဖြည့်ဆည်းပေးနိုင်တဲ့ သဘာဝထုတ်ကုန်တစ်မျိုး ဖြစ်တာတွေ့ရပါတယ်။ ကမ္ဘာပေါ်မှာ ဝါးအမျိုးအစားပေါင်းများစွာ ရှိသလို မြန်မာနိုင်ငံမှာလည်း လူတွေ အဓိကထားအများဆုံးအသုံးပြုတဲ့ဝါးအမျိုးအစား ၁၄ မျိုးရှိကြောင်း သိရှိရပါတယ်။ ဝါးတွေဟာ အများအားဖြင့် ပဲခူးရိုးမအရှေ့ဘက်ခြမ်းမှာ ၆၀၀၀ စတုရန်းကီလိုမီတာခန့်၊ အနောက်ဘက်ခြမ်းမှာ ၂၅၀၀ စတုရန်းကီလိုမီတာခန့်၊ ရခိုင်ရိုးမမှာ စတုရန်းကီလိုမီတာ ၅၀၀၀ ကျော်နှင့် တနင်္သာရီတိုင်းဒေသကြီးမှာ စတုရန်းကီလိုမီတာ ၂၀၀၀ ခန့်ရှိကြောင်း ဖတ်ခဲ့ရဖူးပါတယ်။ ကျန်ပြည်နယ်တွေမှာလည်းပဲ အထိုက်အလျောက် ပေါက်ရောက်တာတွေ့ရပါတယ်။ မြန်မာ့ဝါးတွေမှာတော့ စားသုံးကုန်တအနေနဲ့ ဝါးအားလုံးလိုလိုကရတဲ့ မျှစ်က ရိုးရာအစားအစာနှင့် မျှစ်ချဉ်ထုတ်ကုန်တွေအတွက် အသုံးပြုတာတွေ့ရပါတယ်။ နေစရာနှင့် လူသုံးကုန်ပစ္စည်းအတွေအနေနဲ့တော့ ဝါးပိုးဝါး၊ ထီးရိုးဝါး၊ တင်းဝါးနှင့် ခေါင်းပိတ်ဝါးတွေအသုံးများတာ တွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ ဝါးစိုက်ပျိုးဖို့အတွက် အဓိကအချက်နှစ်ချက်ကို အဆိုပြုတင်ပြချင်ပါတယ်။ ပထမအချက်အနေနဲ့ သဘာဝပတ်ဝန်းကျင်လေထုသန့်ရှင်းရေးနှင့် ရာသီဥတုထိန်းသိမ်းရေးကဏ္ဍတွေအတွက် ဆွေးနွေးတင်ပြချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သစ်တောပြုန်းတီးမှုဟာ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ထုံးစံအရ ပြောင်းရွှေ့တောင်ယာစနစ်နဲ့ပြုလုပ်မှု၊ တောလိုက်မုဆိုးတွေနဲ့ အခြားအကြောင်းအမျိုးမျိုးကြောင့်ဖြစ်ရတဲ့ တောမီးလောင်မှု၊ လူသားတွေရဲ့ မဆင်မခြင်ခုတ်ထွင်ရှင်းလင်းမှု၊ လူဦးရေတိုးပွားလာမှုအရ လူတွေရဲ့ နေထိုင်၊ စားစရာ၊ နေစရာနှင့် စားဝတ်နေရေးအတွက် မြေနေရာတိုးချဲ့မှု၊ စီးပွားဖြစ် သစ်ထုတ်လုပ်မှု၊ သစ်ခိုးထုတ်မှုစတဲ့ အကြောင်းအမျိုးမျိုးကြောင့် သစ်တောပြုန်းတီးပျက်စီးမှုတွေဖြစ်လာလို့ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဖောက်ပြန်မှုတွေများလာပြီးတော့ ကမ္ဘာကြီးပူနွေးလာမှုတွေ ဖြစ်လာပါတယ်။ ခေတ်မီတိုးတက်လာတာနဲ့အမျှ စက်ရုံ၊ အလုပ်ရုံ

တွေ တိုးတက်လာတာမို့ လက်ရှိအမေရိကန်နိုင်ငံက ကျွန်တော်တို့နိုင်ငံအတွက် ချမှတ်ထားတဲ့ Sanction တွေ ရုပ်သိမ်းလိုက်တာနဲ့အညီ ထပ်ပြီးတိုးပွားဝင်ရောက်လာဦးမယ့် စက်ရုံ၊ အလုပ်ရုံတွေ၊ မော်တော်ယာဉ်တွေ၊ အအေးခန်းသုံးစက်ပစ္စည်းတွေက ထုတ်လုပ်မယ့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်မယ့်အလားအလာတွေ အများကြီးရှိနိုင်မှာဖြစ်တဲ့အတွက် ကြောင့် ဒါတွေကို ဖြည့်ဆည်းကာကွယ်တားဆီးဖို့ဆိုတာ သစ်ပင်၊ သစ်တော ပြုစုပျိုးထောင်စိုက်ပျိုးမှု များ များများလုပ်နိုင်မှ ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အကြီးမြန်တဲ့ သစ်ပင်တစ်ပင်အရွယ် ရောက်ဖို့ဆိုတာ အချိန်ငါးနှစ်လောက် အနည်းဆုံးလိုအပ်ပါတယ်။ ဝါးပင်ကတော့ မြေနေရာမရွေး၊ ဒေသမရွေး ရှင်သန်ပေါက်ဖွားနိုင်ပြီးတော့ တစ်နှစ်ကနေ သုံးနှစ်ဆိုရင် အရွယ်ရောက်အသုံးဝင်တဲ့ အနေအထားဖြစ်တဲ့အပြင် အရိပ်ရပြီးတော့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို ရိုးရိုးသစ်ပင်တွေထက် ငါးဆလောက် စုပ်ယူနိုင်တဲ့စွမ်းအားရှိတာကြောင့် တောင်ကတုံးဖြစ်နေတာတွေ၊ အညာဒေသလို အပူပိုင်းဒေသတွေ၊ စက်ရုံ၊ အလုပ်ရုံနဲ့ စက်မှုဇုန်ပတ်ဝန်းကျင်လိုနေရာတွေ၊ မော်တော်ယာဉ်အသုံးများ တဲ့ မြို့ကြီးတွေရဲ့အနီးအနားပတ်ဝန်းကျင်ဒေသတွေလိုနေရာတွေမှာ စီမံချက်နှင့် စနစ်တကျစိုက်ပျိုး ဆောင်ရွက်နိုင်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်လေထုသန့်ရှင်းရေး၊ ကမ္ဘာကြီးပူနွေးလာမှု၊ အိုဇုန်းလွှာ ပျက်စီးမှုတို့ကို အများဆုံးအကာအကွယ်ပြုနိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဒုတိယအချက်အနေနဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့ စားဝတ်နေရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကဏ္ဍ ကို အများကြီးအထောက်အကူပြုနိုင်တဲ့အပင်မျိုးဖြစ်တဲ့အတွက် စနစ်တကျစိုက်ပျိုးထုတ်လုပ်စေချင်ပါ တယ်။ မျှစ်ထုတ်လုပ်မှုနှင့်ပတ်သက်လို့ ပုံမှန်အနေနဲ့ သဘာဝဝါးတောက မျှစ်စို့ပေါက်တွေ ရှာဖွေ ခူးဆွတ်တဲ့သမားရိုးကျစနစ်အစား ဥပမာအားဖြင့် ဝါးပိုးမျှစ်ထုတ်လုပ်ရာမှာ ဝါး ၁၀ ပင်၊ ၁၅ ပင်က ရမယ့် မျှစ်ပမာဏအစား ဝါးပိုးမျှစ်က အစို့စထွက်တဲ့အချိန်မှာ ကိုယ်လိုချင်တဲ့အရွယ်အစား ပမာဏ ရှိတဲ့ လေလုံတဲ့အိုးတို့၊ ပုံးတို့ စတဲ့ လေလုံအောင် ဖုံးအုပ်ပြီး သတ်မှတ်ကာလအတိုင်းထားမယ်ဆိုရင် ဝါးမျှစ်ဟာ အိုး၊ ပုံးအပြည့်ကြီးထွားလာမှာဖြစ်လို့ ဝါး ၁၀ ပင်၊ ၁၅ ပင် ပျက်စီးမယ့်နေရာမှာ ဝါးပင် တစ်ပင်သာ ဆုံးရှုံးရမှာ ဖြစ်တဲ့အတွက်ကြောင့် အပင်အရေအတွက် ထိန်းသိမ်းရာရောက်တဲ့အတွက် ရေရှည်အများကြီးအကျိုးရှိလာမှာ ဖြစ်ပါတယ်။ ဝါးကို စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အိမ်ရာအတွက် တိုင်၊ အခင်း၊ အမိုး၊ အကာတွေ၊ လူသုံးကုန်တွေအနေနဲ့ ခမောက်၊ ကုလားထိုင်၊ ခုတင်၊ စားပွဲ၊ တောင်း၊ ခြင်း၊ ပလိုင်းစတာတွေနဲ့ တူရိယာပစ္စည်းတွေ ပုလွေ၊ ပတ္တလား၊ နှဲ စတာတွေနဲ့ ကလေးကစားစရာတွေ လောက်ပဲ အများအားဖြင့် ထုတ်လုပ်ရောင်းချကြတာတွေ့ရပါတယ်။ လက်ရှိ ကမ္ဘာ့အနေအထားအရ

**မူကြမ်း**

ဝါးကနေ အဆင့်မြင့်ထုတ်ကုန်တွေအနေနဲ့ ကြိတ်သား၊ ပါကေးအခင်း၊ မျက်နှာကျက်၊ ခန်းဆီးစတဲ့ အိမ်သုံးပစ္စည်းတွေနဲ့ လူသုံးကုန်တွေ တစ်ရှူး၊ ကတ်ထူတွေ၊ စားသောက်ဆိုင်အလှဆင်တဲ့ အဆင့်မြင့်သဘာဝတည်းခိုခန်းတွေနဲ့အတူ သွားကြားထိုးတံလို၊ အိမ်တွင်းမှုအသေးစားလုပ်ငန်းလေးတွေအများကြီးလုပ်နိုင်မှာဖြစ်လို့ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေရရှိရေးအတွက် အများကြီးအထောက်အကူပြုနိုင်တာတွေ့ရမှာ ဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ Traditional Product တွေနဲ့ ဒေသအလိုက် Handicraft လို ရိုးရာလက်မှုပညာပစ္စည်း တွေတွင်တွင်ကျယ်ကျယ်ထုတ်လုပ်ရောင်းချဖို့ ရလာနိုင်မယ့်အနေအထားရှိလို့ သမားရိုးကျမဟုတ်တဲ့တီထွင်ဆန်းသစ်ဖန်တီးမှုတွေနဲ့ ဆောင်ရွက်နိုင်မယ်ဆိုရင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအတွက်အထောက်အကူအများကြီးဖြစ်လာမှာ သေချာပါတယ်။ လက်ရှိအနေအထားအရ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမယ့်သူတွေအနေနဲ့ ဝါးနှင့်ပတ်သက်တဲ့အဆင့်မြင့်ထုတ်ကုန်တွေ လုပ်ကိုင်လိုကြတဲ့အခါမှာ လိုအပ်တဲ့ကုန်ကြမ်းတွေ အဆင်သင့်စိုက်ပျိုးပြီးဖြစ်တဲ့အတွက် အားလုံးအဆင်ပြေနိုင်မယ်လို့မျှော်လင့်ပါတယ်။ ဝါးသယံဇာတဟာ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်တဲ့ အကြီးမြန်တဲ့ သဘာဝသယံဇာတဖြစ်တာကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် စနစ်တကျ စိုက်ပျိုးထုတ်လုပ်မယ်ဆိုရင် ပြည်သူများရဲ့အကျိုးစီးပွား၊ နိုင်ငံရဲ့အကျိုးစီးပွားကို အများကြီးအကျိုးပြုနိုင်တဲ့အပြင်သဘာဝပတ်ဝန်းကျင်လေထုနဲ့ ရာသီဥတုမျှတမှန်ကန်ရေးအတွက် အများကြီးအထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက် ဝါးစိုက်ပျိုးရေးကဏ္ဍမှာ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းအောင်မြင်လာရေးအတွက်နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက်ပါဝင်ဆောင်ရွက်ပေးရေးတိုက်တွန်းချင်ပါတယ်။ သစ်တောပစ္စည်းများနှင့်ပတ်သက်တဲ့ ထုတ်လုပ်နိုင်တဲ့ကုန်ပစ္စည်းတွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းစတဲ့စားသောက်ဆိုင်တွေအတွက် ဝါးနှင့်လုပ်ထားတဲ့ အဆောက်အဦတွေကို Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒါကတော့ မြန်မာ့သစ်တောတွေ ပျက်စီးဆုံးရှုံးနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဝါးအမျိုးအစားတွေဖြစ်ပါတယ်။ ဒါကတော့ ဝါးပင်တွေကိုပြုစုပျိုးထောင်တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ မြန်မာနိုင်ငံကထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းအချို့ဖြစ်ပါတယ်။ ဒါကတော့ ကိုရီးယားနိုင်ငံကထုတ်လုပ်တဲ့ အဆင့်မြင့်ထုတ်ကုန်နမူနာ ဖြစ်ပါတယ်။ ဒါကတော့ ဂျပန်နိုင်ငံက ထုတ်လုပ်တဲ့နမူနာလေးတွေဖြစ်ပါတယ်။ ဒါကတော့ တရုတ်နိုင်ငံက ထုတ်လုပ်တဲ့ထုတ်ကုန်ဖြစ်ပါတယ်။ ဒါကတော့ ခေတ်မီတဲ့ ဝါးနဲ့ဆောက်လုပ်တဲ့ အဆောက်အဦပုံစံဒီဇိုင်းတွေ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးခင်ချို တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုမှ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှု၊ သစ်တောများပြုန်းတီးလာမှုများ ပြုပြင်ကာကွယ်ရေးအတွက်နှင့် နိုင်ငံနှင့် ပြည်သူများဘဝမြင့်မားတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းလာရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ ဝါးပင်များမှာ လူသားများအတွက် သစ်မဟုတ်တဲ့၊ အမျိုးမျိုးအသုံးပြုနိုင်တဲ့ အရေးပါဆုံးသော အခြားသစ်တောထွက်ပစ္စည်း သယံဇာတတစ်မျိုးဖြစ်ပါတယ်။ လူသားတို့ရဲ့စီးပွားရေးနှင့် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အပင်မျိုးလည်းဖြစ်ပါတယ်။ ဝါးကို ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ လက်မှုပစ္စည်းများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် ဝါးသယံဇာတကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အာရှနှင့် အရှေ့တောင်အာရှဒေသများမှာ တရုတ်နှင့် အိန္ဒိယနိုင်ငံပြီးပါက တတိယဝါးသယံဇာတ ပေါများသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျေးလက်ဒေသရှိ ပြည်သူပြည်သားများ နေ့စဉ်နေထိုင်စားသုံးမှုအတွက် အထူးအသုံးဝင်သော သစ်သယံဇာတတစ်မျိုးလည်းဖြစ်ပါတယ်။ ပေါများစွာပေါက်ရောက်နေတဲ့အတွက် အသုံးဝင်မှုလည်းများစွာအရေးပါသော ဤဝါးသယံဇာတများကို ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်ရရှိသုံးစွဲနိုင်ရေးအတွက် သဘာဝဝါးတောများကို စနစ်တကျစီမံအုပ်ချုပ်သွားရန် အထူးပင်လိုအပ်သကဲ့သို့ စီးပွားဖြစ်ဝါးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပြီး စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်ရန်လည်း လိုအပ်လှပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ သစ်တောများသည် သစ်ပင်နှင့် ဝါးပင်များတွင် သဘာဝအလျောက် ရောနှောပေါက်ရောက်နေပြီး ဂေဟစနစ်ဖြင့် အပြန်အလှန်အကျိုးပြုလျက်ရှိပါတယ်။ ဝါးသယံဇာတများကို သဘာဝတောများမှ

ခုတ်ယူသုံးစွဲလျက်ရှိပြီး မြန်မာနိုင်ငံတွင် လိုအပ်သောဝါးကုန်ကြမ်းများကို အဓိကထုတ်နိုင်တဲ့ဧရိယာများအဖြစ် ပဲခူးရိုးမဒေသ၊ ရခိုင်ရိုးမဒေသနှင့် တနင်္သာရီဒေသ သုံးနေရာအား သစ်တောဦးစီးဌာနမှ သတ်မှတ်ထားပြီး ဧရိယာအားဖြင့် ၁၇၈၃၈ စတုရန်းကီလိုမီတာ ရှိပါတယ်။ မြန်မာနိုင်ငံ၏ ဝါးထုတ်ယူမှုမှာလည်း လူဦးရေတိုးတက်လာသည်နှင့်အမျှ ဝါးသယံဇာတသုံးစွဲမှုမှာလည်း မြင့်မားလျက်ရှိပါတယ်။ သဘာဝတောများမှ လိုအပ်တဲ့ ဝါးသယံဇာတများကို နှစ်စဉ်သဘာဝတောများမှ ခုတ်ယူခြင်း၊ နေရာတစ်နေရာတည်းတွင် ထပ်တလဲလဲ ခုတ်ယူခြင်းများကြောင့် သဘာဝတောများ အတန်းအစားကျလာခြင်း၊ ဝါး၏အရည်အသွေးများ ကျဆင်းလာခြင်းနှင့် ရေရှည်စဉ်ဆက်မပြတ် အသုံးချနိုင်မှုကို ထိခိုက်လာနေကြောင်း တွေ့ရှိရပါတယ်။ စီးပွားဖြစ် ဝါးစိုက်ခင်းတည်ထောင်ခြင်းမှာ အလွန်ပင်နည်းပါးပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် အချို့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဒေသဝါးများအတွက် စိုက်ပျိုးလျက်ရှိသော်လည်း စီးပွားဖြစ်တည်ထောင်ခြင်း ရှားပါးပါတယ်။ ဝါးသယံဇာတများအတွက် သဘာဝတောကိုသာ မှီခိုခြင်းမဟုတ်ဘဲ ဒေသနှင့်သင့်တော်ပြီး စီးပွားဖြစ်နိုင်တဲ့ဝါးမျိုးများကို ရွေးချယ်၍ ဝါးစိုက်ခင်းတည်ထောင်ပြီး စနစ်တကျစိုက်ပျိုးပါက စိုက်ခင်းတည်ထောင်ပြီး သုံးနှစ်အကြာတွင် ဝါးထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီး အရည်အသွေးကောင်းသော ဝါးသယံဇာတများကိုလည်း ထုတ်ယူသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ယှဉ်တွဲကြည့်ပါကလည်း ဝါးပင်သည် သိပ်သည်းသည့် မြေအောက်အမြစ်အဖွဲ့အစည်းရှိပြီး ကုတ်တွယ်အားကောင်းခြင်းကြောင့် ရေနှင့် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်ပါတယ်။ ထို့အပြင် ဝါးရွက်များကြွေပြီးပါကလည်း မြေဆီလွှာဖြစ်ထွန်းမှုကို အထောက်အကူပြုပါတယ်။ ဝါးတော တစ်ဟက်တာလျှင် ကာဗွန်ဒိုင်အောက်ဆိုဒ် ၁၂ တန်ကို စုပ်ယူထားနိုင်ပြီး သစ်ပင်ထက် ၃၅ ရာခိုင်နှုန်း လေထဲသို့ အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း များစွာအထောက်အကူပြုကြောင်း တွေ့ရှိရပါတယ်။ ဝါးပင်သည် သိပ်သည်းသည့် မြေအောက်အမြစ်အဖွဲ့အစည်းများ ကုတ်တွယ်အားကောင်းခြင်းကြောင့် ဝါးပင်စိုက်လျှင် ဟင်းသီးဟင်းရွက်၊ ကောက်ပဲသီးနှံ စသည့်အပင်များ စိုက်ပျိုး၍မရနိုင်ဟု ကြားသိရပါတယ်။ နေပြည်တော်မှာ ချယ်ရီပင်တွေစိုက်ပျိုးရန် နည်းပညာသစ်နှင့် ကြိုးစားနေသကဲ့သို့ ဝါးပင်များကိုလည်း ပြုပြင်စိုက်ပျိုးစေသင့်ပါ တယ်။ အပူပိုင်းဒေသများဖြစ်တဲ့ ကျွန်တော်တို့ ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်ရှိ ကျေးရွာတိုင်းမှာ ဝါးပင်များပေါက်ရောက်နေတာကို တွေ့ရှိရပါတယ်။ တင်ပြလိုတာက ကျွန်တော်တို့ဆီမှာရှိတဲ့ ကန္တာရပင်တွေ၊ ယူကလစ်ပင်တွေအစား

ဝါးပင်များအစားထိုးစိုက်ပျိုးစေသင့်ပါတယ်။ သတိထားရမှာကတော့ ယခင်နှစ်များမှာ နိုင်ငံတော်အစိုးရမှဦးဆောင်ကာ မဖြစ်မနေ တစ်ပြည်လုံးသစ်ပင်အချို့စိုက်ပျိုးစေရာ ငွေကုန်ကြေးကျများခြင်း၊ အချိန်ကုန်ခြင်း၊ ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများ စိတ်မအေးချမ်းစေရခြင်း၊ စိုက်ပျိုးရေးစီမံများ မအောင်မြင်ခြင်းများအပေါ် သုံးသပ်သင်ခန်းစာယူပြီး အထူးဂရုစိုက်ဆောင်ရွက်စေလိုပါတယ်။ ဝါးပင်များကို တစ်နိုင်ငံလုံးစိုက်ပျိုးစေရာတွင် နိုင်ငံတော်အစိုးရမှ ဝါးပင်များစိုက်ပျိုးရန်အတွက် ကောင်းမွန်သော ဝါးမျိုးစိတ်များ ရှာဖွေစမ်းသပ်ပြီး ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တာဝန်ရှိပြည်သူ့ဝန်ထမ်းများ ပူးပေါင်းညှိနှိုင်းပြီး ပြည်သူ့ဘဏ္ဍာငွေများကို မဖြုန်းတီးစေဘဲ စိုက်ပျိုးရေးထိရောက်အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်လိုပါတယ်။

သို့ဖြစ်ပါ၍ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့မှ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှု၊ သစ်တောများ ပြုန်းတီးလာမှုများ ပြုပြင်ကာကွယ်ရေးထက် နိုင်ငံနှင့် ပြည်သူပြည်သားများဘဝမြင့်မားတိုးတက်ရေးကို အထောက်အကူပြုစေနိုင်တဲ့ ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းနိုင်ရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို့တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးခင်ချို့ တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးခင်ချို့၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသော ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက် ပါဝင်ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှုကြမ်း**

## ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်ကတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌကကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၆-၂-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကတင်သွင်းသည့်ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအားဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကတင်သွင်းထားတဲ့ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၁-၁၁-၂၀၁၆) ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၁၁-၂၀၁၆ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနဲ့ ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီးဖြစ်၍ လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ချက်(၁၂၇)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်ကအတည်ပြုပေးနိုင်ရေးအတွက် ဒုတိယဥက္ကဋ္ဌကြီးမှခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန်တင်ပြခြင်း

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း ကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။

၂။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဖြစ်သည့် ၂၁-၁၁-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကိုတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၃-၁၁-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်-

(က) ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)၊

**မူကြမ်း**

(ခ) ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)၊

(ဂ) ဦးအုန်းခင်(ကလောမဲဆန္ဒနယ်)၊

(ဃ) ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း(တပ်မတော်သား ကိုယ်စားလှယ်)။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၈-၁၁-၂၀၁၆ ရက်၊ ၃၀-၁၁-၂၀၁၆ ရက်၊ ၂၃-၁၂-၂၀၁၆ ရက်နှင့် ၃၁-၁-၂၀၁၇ ရက်နေ့တို့တွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

၄။ ယင်းညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၂၇)ချက်မှာ အောက်ပါအတိုင်းဖြစ်ပြီးတော့ ပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၂၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပါအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူ့လွှတ်တော်သို့တင်သွင်းခဲ့သော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်တင်ပြချက်များအား ဝန်ကြီးဌာနအနေဖြင့် သဘောတူလက်ခံနိုင်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၂၇)အား အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးနိုင်ပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၂၇)ချက်ကို ဥပဒေကြမ်း ကော်မတီ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာ ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ် အပိုဒ်ခွဲအမှတ်စဉ်များကို လည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥကဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးနိုင်ပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကတင်သွင်းသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ် အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသည့် ပဲခူးမြို့ ကန်တော်ကြီးရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေ ရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ် ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၂၃-၁၁-၂၀၁၆ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ပဲခူးမြို့ ကန်တော်ကြီးရေဝေရေလဲ ဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေ ရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ်ခုနစ်ဦးရှိပါတယ်။ ပထမဦးစွာ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင်။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ အင်းတော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ အဆိုရှင် ဦးမြင့်ဦးရဲ့ အန္တရာယ်ကင်းရှင်းသော သောက်သုံးရေရရှိရေးကို ဦးတည်ပြီး တိုက်တွန်းထားတဲ့ အဆိုအပေါ် ကျွန်မထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ မြစ်၊ ချောင်းများနှင့် ရေကန်တွေထဲမှာရှိတဲ့ရေဟာ သောက်သုံးရင် ကျန်းမာရေးအတွက်သင့်/မသင့်၊ အပင်နှင့် သက်ရှိသတ္တဝါများ ရေမှာအသက်ရှင်နေထိုင်နိုင်ခြင်းရှိ/မရှိဆိုတာကို ရေရဲ့အရည်အသွေး(Water Quality) ကောင်း/မကောင်းနဲ့ ကျွန်မတို့တိုင်းတာပါတယ်။ ဘယ်လိုအချက်တွေက ရေရဲ့အရည် အသွေးကို

သိနိုင်ပါသလဲဆိုတဲ့အချက်များကို အနည်းငယ်တင်ပြလိုပါတယ်။ အချို့အချက်တွေဟာ သာမန်ခန့်မှန်းလို့ရပြီး။ အချို့အချက်အလက်တွေကတော့ ဓာတ်ခွဲခန်းမှာပဲ စမ်းသပ်လို့ရရှိပါတယ်။ အဲဒါတွေကတော့ ရေရဲ့အပူချိန် သာမိုမီတာ ရေရဲ့ကြည်လင်မှု နောက်ကျိမှု(Turbidity) ရေမှာ ပျော်ဝင်နေတဲ့ အောက်ဆီဂျင် (Dissolved Oxygen) ရေမှာပျော်ဝင်နေတဲ့ နိုက်ထရိတ်နှင့် ဖော့စဖိတ်များ၊ ရေရဲ့ PH များ၊ ရေမှာပေါက်ဖွားတဲ့ ရောဂါပိုးများ Biological Indicator များတို့ဖြစ်ပါတယ်။ ဒါတွေဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါတယ်။ သန့်ရှင်းကြည်လင်အေးမြနေတဲ့ရေဟာ ပျော်ဝင်အောက်ဆီဂျင် ပမာဏများမှာဖြစ်ပါတယ်။ ရေထဲကအပင်ငယ်တွေဟာ အစာချက်လုပ်ခြင်းနှင့် အောက်ဆီဂျင်ထွက်ပါတယ်။ ဒီအောက်ဆီဂျင်ကို ရေထဲကသတ္တဝါတွေ အသက်ရှူရာမှာ အသုံးပြုတဲ့အတွက် ရေကန်ထဲမှာ ငါးအပါအဝင် သတ္တဝါအငယ်လေးတွေကူးခတ်နေတာမြင်ရင် ဒီရေကန်ဟာ ပျော်ဝင်အောက်ဆီဂျင် လုံလောက်တယ်လို့ ခန့်မှန်းလို့ရပါတယ်။ ရေရဲ့အရည်အသွေးမြင့်တယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ဒါပေမဲ့ ငါးတွေရေမျက်နှာပြင်ပေါ်တက်ပြီး အသက်ရှူနေမယ်။ သို့မဟုတ် သေကျေနေမယ်ဆိုရင် Dissolved Oxygen နည်းပါးနေပြီလို့ ခန့်မှန်းရပါတယ်။ ထိုရေဟာလည်း ရေရဲ့အပူချိန်မြင့်တက်နေရင်လည်း ရေမှာပျော်ဝင်နေတဲ့ အောက်ဆီဂျင်နည်းပါးပါတယ်။ ရေရဲ့ အနယ်အမှုန့်(Turbidity)တွေ များနေတယ်ဆိုရင်လည်း ရေမှာပျော်ဝင်နေတဲ့ အောက်ဆီဂျင် ကျဆင်းသွားမှာဖြစ်ပါတယ်။ ဒါဟာ ညစ်ညမ်းရေဖြစ်သွားပါတယ်။ တစ်ခါ ရေကန်ထဲမှာ အဲဂျေးခေါ် ရေမှော်ပင်တွေ အလွန်ပဲများပြားနေပြီဆိုရင် ဒီရေကန်ထဲမှာ နိုက်ထရိတ် တွေ၊ ဖော့စဖိတ်တွေ များပြားနေပြီလို့ ခန့်မှန်းနိုင်ပါတယ်။ တကယ်တော့ နိုက်ထရိုဂျင်တွေ၊ ဖော့စဖိတ်တွေဟာ အပင်တွေအတွက် အဓိကအာဟာရ ဖြစ်ပါတယ်။ ဒါပေမဲ့ များလွန်းရင်တော့ အန္တရာယ်ဒုက္ခပေးတတ်ပါတယ်။ စိုက်ခင်းတွေမှာသုံးတဲ့ မြေသြဇာ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးတွေ၊ လူတွေလျှော်ဖွတ်ဆေးကြောဖို့သုံးတဲ့ ဆပ်ပြာမှုန့်တွေရဲ့ ဓာတ်ကြွင်းတွေ ရေကန်ထဲကို နည်းမျိုးစုံနဲ့ စီးဝင်ရာကနေပြီး နိုက်ထရိုဂျင်တွေ၊ ဖော့စဖိတ်တွေ ရေကန်ထဲမှာများလာပြီး အရည်အသွေးကိုနိမ့်ကျစေခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ PH ဖြစ်ပါတယ်။ PH ဟာ ရေရဲ့ အစ်ဆစ်နှင့် Base ကို ဖော်ပြတာဖြစ်ပါတယ်။ ဓာတ်ခွဲခန်းမှာစမ်းသပ်လို့ရပါတယ်။ သုည ကနေ ၁၄ အထိ ဖော်ပြပြီး PH7 ကတော့ အကောင်းဆုံး အရည်အသွေးဖြစ်ပါတယ်။ ၆.၅ ကနေ ၈.၅ အထိဟာ သောက်သုံးရန်သင့်တဲ့ရေဖြစ်ပြီး PH7 ကနေ သုညအထိဟာ အက်ဆစ်ဖြစ်ပါတယ်။ PH7 ကနေပြီးတော့ 14 အထိဟာ Base ဖြစ်ပါ

တယ်။ PH 5.5 ဆိုရင် ရေရဲ့အက်ဆစ်များလွန်းတဲ့အတွက် အပင်များ၊ သတ္တဝါများ သေကျေမှာဖြစ်ပါတယ်။ ပဲခူးရေကန်ကြီးရဲ့ PH ဟာ 6.8 ဖြစ်နေတဲ့အတွက် သောက်သုံးရန်သင့်တော်ပါတယ်ရှင်။

နောက်တစ်ခုကတော့ ဓာတ်ခွဲခန်းမှာပဲ စမ်းသပ်အဖြေထုတ်နိုင်မယ့်ရောဂါပိုးများ ပါဝင်ခြင်း ရှိ/မရှိပဲဖြစ်ပါတယ်။ ပဲခူးရေကန်ကြီးရဲ့ ရေနမူနာမှာတွေ Coliforms နှင့် Escherichia Coli ဘတ်တီရီးယားများပါဝင်နေလို့ သုံးရန်သာသင့်ပြီး သောက်ရန်မသင့်လို့ ဖော်ပြထားပါတယ်။ တကယ်တော့ ညစ်ညမ်းရေမှာ ပိုးမွှားရောဂါပေါင်းမြောက်မြားစွာ ပါဝင်နိုင်ပါတယ်။ ဒါပေမဲ့ စမ်းသပ်ရတာလွယ်ကူ၊ ကုန်ကျစရိတ်လည်းသက်သာ ရေအမျိုးအစားပေါင်းများစွာမှာ တွေ့မြင်နိုင်တဲ့ Coliforms Bacteria ကိုပဲ အညွှန်းအဖြစ်ဖော်ပြထားတာဖြစ်ပါတယ်။ Coliforms နှင့် Escherichia Coli တို့ဟာ လူနှင့်တိရစ္ဆာန်တို့ရဲ့ မစင်ထဲမှာသာပါလာပြီး နည်းမျိုးစုံနဲ့ ကန်ကြီးထဲကို စီးဝင်ခဲ့တာဖြစ်ပါလိမ့်မယ်။ ဓာတ်ခွဲခန်းမှာတော့ လူနှင့်တိရစ္ဆာန်ရဲ့မစင် ဘယ်ဟာလဲဆိုတာ ခွဲခြားရခက်ပါတယ်။ သောက်သုံးသူရဲ့အူလမ်းကြောင်းကို ဒုက္ခပေးပြီး သွေးဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်းများ ဖြစ်စေတာဖြစ်ပါတယ်။ WHO ရဲ့ Drinking Water Guideline မှာတော့ Iron နှင့်အတူ တခြားသတ္တု များဖြစ်တဲ့ ကယ်ဆီယမ်တွေ၊ မဂ္ဂနီဆီယမ်တွေ၊ ဆိုဒီယမ်တွေ၊ ဖော့စဖိတ်တွေအပြင် ခဲသတ္တုတွေ၊ အာဆင်းနိတ်တွေ၊ ကလိုရင်းတွေ၊ အမိုးနီယမ်၊ ဆိုင်ယာနိုက်၊ ဇင့်၊ ကော့ပါးစသည်တို့ကိုလည်း Guideline ထဲမှာ စမ်းသပ်တွေ့နိုင်ပါတယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ပဲခူးကန်တော်ကြီးရဲ့ ရေနမူနာမှာတော့ ဒါတွေရဲ့အဖြေမှာ ဖော်ပြမထားပါဘူးရှင်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့် စက်ရုံ၊ အလုပ်ရုံများမှ ရေဆိုးများ တာဝန်မဲ့စွာစွန့်ပစ်ခြင်း၊ ရေဝေရေလဲနယ်တစ်ဝိုက်ရှိ စိုက်ခင်းများရဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများ မဆင်မခြင်စွန့်ပစ်ခြင်းများကို အထူးဆင်ခြင်သင့်လှပါတယ်။ နိဂုံးချုပ်အနေဖြင့် ရေဟာ သတ္တလောကအတွက် အသက်ဖြစ်ပါတယ်။ သက်ရှိသတ္တဝါများသောက်သုံးရန်၊ သစ်တောသစ်ပင်များကြီးထွားရန်အတွက် မရှိမဖြစ်အရေးပါလှတဲ့အတွက် ပဲခူးကန်တော်ကြီးအပါအဝင် တစ်နိုင်ငံလုံးရဲ့ ရေအရင်းအမြစ်များ၊ ရေသယံဇာတများ အရည်အသွေးထိန်းသိမ်းမြှင့်တင်ရန်နှင့် အရှည်တည်တံ့ခိုင်မြဲရန်အတွက် တာဝန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ပြည်သူတစ်ရပ်လုံးပူးပေါင်းအဖြေရှာ ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်း ဦးမြင့်ဦးရဲ့အဆိုကို လေးစားစွာ ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှုကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးအဆိုတင်သွင်းပြီး ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ရွှေပုံ ထောက်ခံတင်ပြခဲ့တဲ့ ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဧရိယာနှင့်ပတ်သက်တဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ Safety Frist ဆိုတဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုတဲ့စာသားဟာ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ စာလုံး ကြီးကြီးနဲ့ ရေးထားတာ လူတိုင်းတွေ့ကြရပါတယ်။ တကယ်တော့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တင် မကပါဘူး။ လူတွေရဲ့စားဝတ်နေရေး နေထိုင်မှုအားလုံးမှာ Safety Frist ဆိုတာလိုပါတယ်။ သန့်ရှင်းတဲ့ သောက်သုံးရေရရှိမှုဟာလည်း Safety Frist ပါပဲ။ ပဲခူးမြို့အတွက်သောက်သုံးရေအဓိကပင်မအား ထားရာ ပဲခူးကန်တော်ကြီးဖြစ်ပါတယ်။ ကန်တော်ကြီးကိုစီးဝင်တဲ့ရေတွေ သန့်ရှင်းဖို့အတွက် ကန်တော်ကြီးရေဝေရေလဲဧရိယာ ၁၄၅၀ ဧကကို သစ်တောဝန်ကြီးဌာနက ၁၈-၈-၁၉၉၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၃/၁၉၉၇)ဖြင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၈-၄-၂၀၁၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၆၀/၂၀၁၀)မှာတော့ 2020 လေကြောင်းရန် ကာကွယ် ရေးတပ်ရင်းအတွက် ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေအဖြစ် ၁၄၀ ဧက ပယ်ဖျက်ခဲ့လို့ ၁၃၁၀ ဧကသာ ကျန်ပါတော့တယ်။ အဲဒီအထဲကမှ ၂၁-၅-၂၀၁၂ ရက်စွဲနှင့် လုပ်ငန်းရှင်ငါးဦးကို ပုဂ္ဂလိက ရာဘာ စိုက်ခင်းတွေ ခွင့်ပြုပေးလိုက်တော့ သဘာဝတောအနည်းငယ်နှင့် ရေလွှမ်းဧရိယာ ၅၈၀ ဧကသာ ကျန်ပါတော့တယ်။ သောက်ရေကန်ရဲ့အထက်မှာရှိတဲ့ ရေဝေရေလဲတောတွေ ခုတ်ပြီးတော့ ရာဘာ စိုက်ခင်းတွေပြုလုပ်တော့ နဂိုရှိရင်းစွဲဂေဟစနစ်တွေပျက်စီးပါတယ်။ မြေကြီးကို တူးဆွစိုက်ပျိုးတယ်။ ပိုးသတ်ဆေးတွေ၊ ပေါင်းသတ်ဆေးတွေ၊ မြေသြဇာတွေသုံးစွဲတယ်။ အဲဒါကြောင့် ကန်တော်ကြီးထဲကို စီးဝင်တဲ့ရေတွေဟာ မသန့်ရှင်းရသလို ခြံလုပ်သားတွေရဲ့ စွန့်ပစ်တဲ့အညစ်အကြေးတွေကြောင့်လည်း ပိုမိုညစ်ညမ်းရပါတယ်။ ဒီနေရာမှာ သန့်ရှင်းတဲ့သောက်ရေအကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

**မူကြမ်း**

သန့်ရှင်းတဲ့သောက်ရေမှာ ဓာတုပစ္စည်းပါဝင်မှု Chemical Substances နှင့် အဏုဇီဝ ပိုးကင်းစင်မှု Microbiological Contamination တွေ တိတိကျကျသတ်မှတ်ဖော်ပြထားပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒီစံနှုန်းတွေကတော့ WHO Guideline အတိုင်း သတ်မှတ်ထားတဲ့ NHL ဖြစ်တဲ့ National Health Laboratory အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကစံနှုန်းတွေပဲဖြစ်ပါတယ်။ Water Chemical Substances ဆိုတဲ့ ဓာတုပါဝင်မှုတွေနဲ့ပတ်သက်လို့တော့ Colour က ၂၀ ယူနစ်၊ Turbedity ဆိုတဲ့ နောက်ကျိမှုက ၅ ယူနစ်၊ Total Dissolved  Solvent က ၁၀၀၀ ယူနစ်၊ ကလိုရိုက်က ၂၅၀ သူက Milligram Per Litter ပါ။ ကော့ပါးက ၂၊ Total Hardness က ၅၀၀၊ Iron က ၁၊ PH က 6.5 ကနေ 8.5၊ ဆာလဖိတ်က ၄၀၀၊ ဇင့်က ၅၊ ကယ်လ်ဆီယမ် ၂၀၀၊ မဂ္ဂနီဆီယမ် ၁၅၀၊ Electrical Conductivity ၁၅၀၀ နှင့် အာဆင်းနစ်က 0.05 နှင့်ညီရင်ညီမညီရင် ဒီထက်နည်းရမှာဖြစ်ပါတယ်။ Water Bacteriology တွေအနေနဲ့ ဆိုရင်လည်းပဲ 37 ဒီဂရီစင်တီဂရိတ် After 24 Hour မှာဆိုလို့ရှိရင် Standard Plate Count က Less Than 10 1cc ကို လုပ်လိုက်လို့ရှိရင် အဲဒီလောက်ဖြစ်ရပါမယ်။ Total Coliforms တွေကတော့ 100 ml မှာ 0 ဖြစ်ရမှာပါ။ E. Coliတို့ဘာတို့ဆိုရင်လည်း 100 ml မှာ လုံးဝမပါရပါဘူး။ အဲဒီတော့ ကန်တော်ကြီးရေနမူနာကိုဓာတ်ခွဲစစ်ဆေးရာမှာ ခုနက ဒေါက်တာဒေါ်ပြုံး တင်ပြသွားတဲ့ အတိုင်းပါပဲ။ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါပိုးတွေဖြစ်စေတဲ့ Coliform နှင့် E. Coli  ရောဂါပိုးတွေ တွေ့ရတယ်လို့ တင်ပြထားပါတယ်။ ရောဂါပိုးမွှားအချို့နှင့် အချို့ဓာတုပစ္စည်းတွေဟာ ရေကို ပွက်ပွက်ဆူအောင် ကြာကြာတည်လိုက်ရင် သေကျေပျက်စီးသွားပေမဲ့ တချို့ဓာတုဆေးဝါး တွေကတော့ ဘယ်လောက်ပဲကြာအောင် ကျိုချက်ပေမယ့်လို့ မပျောက်မပျက်ဘဲ အသဲတို့၊ ကျောက်ကပ်တို့ တမြည့်မြည့်ပျက်စီးစေပါတယ်။ ပဲခူးတစ်မြို့လုံးသောက်သုံးနေရတဲ့၊ သုံးစွဲနေရတဲ့ ဒီကန်တော်ကြီး ရေဟာ သန့်ရှင်းဖို့ဆိုတာလည်း Safety First အနေနဲ့ အရေးကြီးပါတယ်။ ဒါကြောင့် ပဲခူးသူ ပဲခူးသားတွေ ပဲခူးဆားလို အမြဲတမ်းခပ်တိုင်းငန်နေစေဖို့အတွက် ကျန်းမာနေဖို့လည်း လိုပါတယ်။ ဒါကြောင့် ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်ကတင်သွင်းတဲ့ ပဲခူးမြို့၊ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းတဲ့ သောက်သုံးရေရရှိရေး အတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည် ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စု

အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကို ကျွန်မ ပဲခူးတိုင်းဒေသကြီး ပြည်သူတစ်ဦးအနေနဲ့ သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်တစ်ဦးအနေနဲ့သော်လည်းကောင်း ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပဲခူးမြို့ ကန်တော်ကြီးရေလှောင်ကန်ကို ပဲခူးမြို့နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် ၁၉၂၄ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ယခုအခါမှာ ရေလှောင်ကန်ရဲ့သက်တမ်းမှာ နှစ်ပေါင်း ၉၀ ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်ခန့်မှစတင်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်အချို့ဟာ ကန်ရဲ့ပတ်ပတ်လည်ရှိ ရေဆင်းဧရိယာနှင့် သစ်တောဧရိယာများအတွင်း သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်းပြီးတော့ ရာဘာစိုက်ခင်းများတည်ထောင်လာခဲ့ကြတယ်လို့ သိရပါတယ်။ ထိုအခါမှာ ကန်တော်ကြီး ရေလှောင်ကန်ရဲ့ပတ်ပတ်လည်ရှိ ရေဆင်းဧရိယာများ ပျက်စီးသွားရုံသာမက မြေဆီလွှာဆုံးရှုံးမှုများလည်း ဖြစ်ပေါ်စေကာ ရေလှောင်ကန်အတွင်းကို အနည်နှင့်အနှစ်စွန့်ပစ်ပစ္စည်းများ ပိုမိုဝင်ရောက်လာသဖြင့် ကန်ရဲ့သောက်သုံးရေ အရည်အသွေးကိုကျဆင်းစေပြီး ပဲခူးမြို့နေလူထုရဲ့ကျန်းမာရေးကိုပါ ထိခိုက်လာနိုင်ကြောင်း အဆိုရှင်များက တင်ပြခဲ့ကြပါတယ်။ ရေဝေရေလဲဒေသများရှိ သစ်တောသစ်ပင်များဟာ မြစ်ချောင်းအင်းအိုင်နဲ့ ရေလှောင်ကန်များအတွက် ရေသယံဇာတအရင်းအမြစ် ရရှိရေးဟာ အရေးကြီးသောအခန်းမှ ပါဝင်လျက်ရှိပါတယ်။ သစ်တောများဟာ ကုန်းတွင်းပိုင်းဒေသမှ စီးဝင်လာတဲ့ အညစ်အကြေးများကို မြစ်ချောင်းအင်းအိုင်များနဲ့ မြေအောက်ရေတို့အတွင်းကို စီးဝင်ခြင်းမပြုနိုင်စေရန် ကာကွယ်ပေးတဲ့အတွက် သန့်ရှင်းစင်ကြယ်တဲ့ရေချိုရေသန့်အား ထောက်ပံ့ပေးနိုင်တဲ့အပြင် ရေအရည်အသွေးကိုလည်း ထိန်းညှိပေးပါတယ်။ ရေဝေရေလဲဒေသမှာ ဆောင်ရွက်ရတဲ့လုပ်ငန်းများ အားလုံးကို လုပ်ငန်းပမာဏနဲ့ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအခြေအနေပေါ်မှာမူတည်ပြီးတော့ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအပေါ် အကျိုးသက်ရောက်မှုဆန်းစစ်ခြင်း၊ EIA နှင့် SIA လုပ်ငန်းများ ဆောင်ရွက်ဖို့လိုအပ်သလို နိုင်ငံရဲ့မြေအသုံးချမှုမူဝါဒနဲ့ဥပဒေကို ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်

ဖို့လိုပါတယ်။ ယခုလိုလွှတ်တော်မှာ ဒီအကြောင်းအရာကို ဆွေးနွေးနိုင်ဖို့အတွက် အဆိုရှင်များအနေနဲ့ အသေးစိတ်လေ့လာခဲ့ကြတာကို သိနိုင်ပါတယ်။ ပညာရှင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အကြံပေးအဖွဲ့များထံမှ စုံစမ်းစစ်ဆေးခဲ့ပြီး ပြည်သူများရဲ့ခံစားချက်ကိုလည်း ၎င်းတို့ကိုယ်တိုင်ကြားသိနေရတာ ဖြစ်ပါတယ်။ ကန်တော်ကြီးမှ မြို့လူထုအတွက်ပေးနေရတဲ့ရေဟာ မသန့်စင်တော့တဲ့အတွက် မြေအောက်ရေကို ပေ ၃၀၀ ထက်နက်တဲ့အဝီစိတွင်းများ အများကြီးတူးပြီးသုံးနေရတယ်လို့ တင်ပြခဲ့ကြပါတယ်။ ဒါဟာ အနာဂတ်ရဲ့သဘာဝပတ်ဝန်းကျင်ကို ပြင်းပြင်းထန်ထန်ထိခိုက်စေပါတယ်။ ပဲခူးမြို့လို ပင်လယ်နဲ့မဝေးလှတဲ့နေရာမှာ ယခုလိုထုတ်ယူသုံးစွဲနေတာဟာ တစ်ချိန်မှာ ဆားငံရည်ဝင်လာပြီး မြေအောက်ရေလွှာတွေပျက်စီးနိုင်တယ်လို့လည်း အဆိုမှာတင်ပြခဲ့ကြပါတယ်။ ဒါဟာလည်း အမှန်ပဲဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ်ကပြဋ္ဌာန်းခဲ့တဲ့ မြေအောက်ရေဥပဒေဟာ ယခုအချိန်မှာ အသက်မဝင်တော့တဲ့အတွက် ဒီနေ့ပဲခူးမှာမြေအောက်ရေဘယ်လောက်ရှိပြီး ဘယ်လောက်ထုတ်ယူသုံးစွဲနေတာကို မသိနိုင်တဲ့အနေအထားဖြစ်နေပါတယ်။ ဒီဖြစ်စဉ်မှာ အဆိုရှင်ဖော်ပြခဲ့တဲ့ထဲက ကျွန်မအနေနဲ့ မီးမောင်းထိုးပြချင်တာကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၃(က)အရ ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာထိခိုက်စေမည့် စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတုပစ္စည်းများကို အသုံးပြုနေခြင်းဆိုတာပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာရေဝေရေလဲဒေသမှာ ဆောင်ရွက်နေတဲ့ ဓာတုပစ္စည်းသုံးစွဲမှုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကွင်းဆင်းစစ်ဆေးချက်များမှာ တွေ့ခဲ့ရပြီးဖြစ်ပါတယ်။ ဒါကို သက်ဆိုင်ရာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ဥပဒေမှာပါတဲ့အတိုင်း ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ်ထားရှိအကောင်အထည်ဖော်ဖို့ပဲ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ပြည်သူတွေသောက်သုံးနေတဲ့ရေမှာ ကျန်းမာရေးထိခိုက်နိုင်တဲ့ ဓာတုပစ္စည်းတွေ၊ ဘက်တီးရီးယားပိုးမွှားတွေရှိနေတာဟာ ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအခန်း(၅) ပုဒ်မ ၉(က)အရ ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် ကြေညာဖြေရှင်းသင့်တဲ့ကိစ္စဖြစ်နေပြီလို့ ဆိုချင်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက အဆိုပါရေဝေရေလဲဒေသကို စာချုပ်စာတမ်းများနှင့် နှစ်ရှည်ငှားရမ်းခဲ့တာလို့ သိရပါတယ်။ ဒီစာချုပ်တွေကို အသေးစိတ်ပြန်လည်စစ်ဆေးသင့်ပါတယ်။ စာချုပ်များဟာ ဥပဒေနှင့်ညီ/မညီ။ ဥပဒေနှင့်ညီတယ်ဆိုရင်လည်း စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ။ ရှိခဲ့သည်ဆိုလျှင်တောင် စာချုပ်စာတမ်းများရဲ့သဘောအရ အရေးပေါ်အခြေအနေမှာ ရုပ်သိမ်းနိုင်ပါကြောင်း အနုညာတဥပဒေများနှင့်အညီ အများပြည်သူအကျိုးအတွက် ဆောင်ရွက်နိုင်ပါကြောင်း လွှတ်တော်ကြီးမှစဉ်းစားနိုင်ပါ

**မူကြမ်း**

တယ်။ ပဲခူးမြို့ ကန်တော်ကြီးရေဝေရေလဲဒေသအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်း ဧရိယာအတွင်း ပုဂ္ဂလိကလုပ်ကိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ် နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုးအတွက်၊ အတည်ပြုအပ်တဲ့အတွက် လေးနက်စွာထောက်ခံအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းဖြစ်ပြီး သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးတင်သွင်းခဲ့တဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုထောက်ခံဆွေးနွေးနိုင်ဖို့ အတွက် ပဲခူးမြို့မှာ ကွင်းဆင်းပြီး လေ့လာစုံစမ်းခဲ့တာတွေ ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့ ကန်တော်ကြီးဟာ ရေလှောင်ကန်ဟာဆိုလို့ရှိရင် ၁၉၂၄ ခုနှစ်ကနေပြီးတော့ ကန်တော်ကြီး ရေပေး ဝေရေးစီမံကိန်းအတွက် စတင်ခဲ့တာဖြစ်ပါတယ်။ ထိုစဉ်က ပဲခူးဒီစတြိတ်ကောင်စီရဲ့ စီမံခန့်ခွဲမှုအောက် မှာရှိပြီးတော့ ကန်ပတ်လည်မှာ ရေကာသစ်တောကိုလည်းပဲ စနစ်တကျပြုစုထားတာရှိပါတယ်။ ၎င်းအပြင် ရေဝေရေလဲဧရိယာမှာလည်းပဲ သစ်တောတွေထားရှိပြီးတော့ ပုဒ်မ ၁၄၄ ထုတ်ပြီး ကန့်သတ်ထားတာတွေရှိပါတယ်။ ထိုစဉ်တုန်းက ကန်တော်ကြီးရေဆင်းသစ်တောဧရိယာအကျယ်ဟာ ၁၃၈၀ ဧကရှိပြီးတော့ ရိုးရိုးဧရိယာဟာ ၁၄၁ ဧကရှိပါတယ်။ ကန်တော်ကြီးကနေပြီးတော့ တစ်နေ့ကို ရေဂါလန်တစ်သန်းပို့လွှတ်နိုင်ပြီးတော့ ပဲခူးမြို့မှာရှိတဲ့ မူလရပ်ကွက် ၁၂ ရပ်ကွက်ကို သောက်သုံးရေ များကို ကောင်းမွန်လုံလောက်စွာပေးနိုင်ခဲ့ပါတယ်။ စောစောတုန်းက ကျွန်တော့်ရဲ့မိတ်ဆွေ ကိုယ်စားလှယ်များ တင်ပြသွားသလိုပါပဲ ၂၀၁၀ ခုနှစ်ကို ရောက်တဲ့အခါမှာ ကန်တော်ကြီးရဲ့ ရေဝေရေလဲသစ်တောဧက ၇၅၀ ကို ရာဘာစိုက်ဖို့အတွက် ပုဂ္ဂလိကများကို ပေးအပ်ခဲ့ရာကစပြီး ကန်တော်ကြီးအတွင်းမှာ နုန်းအနည်ကျမှုတွေများလာပါတယ်။ ရေဝင်လာမှုနည်းသွားပါတယ်။ ရေ အရည်အသွေးများဟာလည်းပဲ ကျဆင်းလာပါတယ်။ ၂၀၀၆ ခုနှစ် မေလအတွင်းက စစ်ဆေးချက်များ

အရတော့ ပိုးမွှားများပါ ကျရောက်နေတဲ့အတွက်ကြောင့် သောက်ရန်မသင့်၊ သုံးရန်သာသင့်တယ်ဆိုတဲ့ ကျန်းမာရေးဌာနရဲ့မှတ်ချက်ကို ရရှိခဲ့ရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့ဟာ အခုအခါမှာ ရပ်ကွက်ပေါင်း ၃၄ ရပ်ကွက်၊ လူဦးရေ သုံးသိန်းခန့်တိုးတက်လာတဲ့အခါမှာ ကန်တော်ကြီးရဲ့ရေပေးဝေမှုကလည်း ကျဆင်းလာတဲ့အတွက် ရပ်ကွက်တော်တော်များများဟာ စက်ရေတွင်းများတူးရပါတယ်။ ဒီအခါမှာ တချို့ကလည်းပဲ ရေချို ရေကောင်းရတယ်။ တချို့ကလည်း မရပါဘူး။ စောစောတုန်းက ကျွန်တော့်မိတ်ဆွေကိုယ်စားလှယ် တော်ကြီးတင်ပြသွားသလိုပါပဲ တွင်းများအနက်ကြီးတူးရပါတယ်။ ဒီအခါ မြေအောက်ရေအတွက် အန္တရာယ်ရှိလာပါတယ်။ ရေချိုလွှာထဲကို ရေငံများဝင်လာနိုင်ပါတယ်လို့ ပညာရှင်တွေကလည်း ထောက်ပြကြပါတယ်။ ဒီလိုမြေအောက်ရေကိုပါ သုံးလို့မရဘူးဆိုလို့ရှိရင် ပဲခူးမြို့ရဲ့ သောက်သုံးရေ ပြဿနာဟာ ပိုပြီးတော့ ဆိုးရွားလာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုးရေချိုရရှိဖို့အတွက် ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှာရှိတဲ့ ဆိုမီလာရပ်ကွက်မှာ လွန်ခဲ့တဲ့အနှစ် ၂၀ ကစပြီးတော့ အစိုးရအဆောက်အအုံများ၊ အားကစားရုံများမှ မိုးရေသိုလှောင်ကန် ကြီးတွေ ထည့်သွင်းဆောက်လုပ်ပြီး ရေကိုစုဆောင်းသိုလှောင်ကြရပါတယ်။ ဒီနည်းကိုအတုယူပြီးတော့ ပဲ တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်တို့မှာလည်းပဲ လုပ်ဆောင်ကြရပါတယ်။ ဒီလိုတခြားနိုင်ငံ မြို့ရွာတွေ၊ ဒေသတွေမှာ ဒီလိုရေချိုရရှိဖို့အတွက် တကူးတကငွေကုန်ကြေးကျမြောက်မြားစွာ အကုန် အကျခံပြီးလုပ်ဆောင်နေရပေမဲ့ ပဲခူးမြို့ရဲ့အနေအထားမှာတော့ မိုးရေကလည်းရှိပါတယ်။ လှောင်ရန် ကန်ကြီးကလည်း ရှိပြီးသားရှိပါတယ်။ ဒီကန်ကြီးကို စနစ်တကျပြုပြင်ထိန်းသိမ်းမယ်ဆိုလို့ရှိရင် ပဲခူး မြို့အတွက်လုံလောက်တဲ့ တာရှည်အသုံးပြုနိုင်မယ့် ရေအရင်းအမြစ်တစ်ခုရရှိမှာပဲဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာလူဦးရေ ၁.၈ မီလီယံဟာ မသန့်ရှင်းတဲ့ရေကို သောက်သုံးနေရပါတယ်လို့ သိရပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်တိုးတက်ရေး ရည်မှန်းချက် SDG ကလည်းပဲ ရေကောင်းရေသန့်ရရှိရေးအတွက် မူများချမှတ်ထားသလို အာဆီယံ ကလည်းပဲ ဒီကိစ္စကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ ချမှတ်လုပ်ဆောင်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရေသယံဇာတများထုတ်ဖော်နိုင်ဖို့အတွက် ဆည်များ၊ ရေလှောင်တမံများနှင့် ရေရရှိရေး လုပ်ဆောင်ရာမှာ ထာဝစဉ်တည်တံ့ပြီးတော့ အသုံးပြုနိုင်ရေးအတွက် သဲနုန်းကျဆင်းမှုလျော့နည်းစေ ရေးနဲ့ ရေအရည်အသွေးပြည့်မီရေးအတွက် ရေဝေရေလဲဒေသမှာရှိတဲ့ သစ်တောများကို ထိန်းသိမ်း

ကြရပါတယ်။ လိုအပ်မယ်ဆိုလို့ရှိရင် သဘာဝစိုက်ခင်းများ၊ သစ်တောစိုက်ခင်းများကို တည်ထောင်ပြီး တော့ ဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။ ဒီလိုရေဝေရေလဲဧရိယာမှာ သစ်ပင်သစ်တောမရှိလို့ရှိရင် တည်ဆောက်ထားတဲ့ရေလှောင်တမံများမှာလည်း ရေမဝင်နိုင်တော့ပါဘူး။ ဒါကြောင့် ရေဝေရေလဲ ဒေသအတွက် အကောင်းဆုံးအခြေအနေဟာ သဘာဝတောဖုံးလွှမ်းမှုကို ထိခိုက်မှု၊ ပျက်စီးမှုမရှိစေတဲ့ ပကတိအခြေအနေပဲဖြစ်ပါတယ်။ ပဲခူးမြို့ရေလှောင်တမံ စတင်ဆောက်လုပ်စဉ်က ဒီလိုစံနစ်တွေနဲ့ ဆောက်လုပ်ခဲ့တဲ့စနစ်တကျဆောက်လုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က နှစ်ပေါင်း ၉၀ နီးပါး တည်တံ့သုံးစွဲနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှာ ရေဝေရေလဲသဘာဝသစ်တောကို အပြောင်ခုတ်ထွင်နိုင်ဖို့ ရှင်းလင်းပြီးတော့ ရာဘာစိုက်ခြင်းကတော့ သစ်တောဥပဒေသ၊ ဆည်မြောင်း ဥပဒေသများနဲ့လည်း မညီညွတ်ဘဲနဲ့ ပဲခူးတစ်မြို့လုံးရဲ့သောက်သုံးရေအရင်းအမြစ်ကို ကန်တော်ကြီး ကိုလည်း အဆင်အခြင်ကင်းမဲ့စွာဖျက်ဆီးရာ ရောက်ရှိပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပျက်အစဉ်ပြင်ခဏဆိုတဲ့စကားရှိသော်လည်းပဲ အပျက်ကြာလို့ရှိရင် ပျက်စီးဆုံးရှုံးမှု၊ နစ်နာမှုတွေက များပြားလာပါတယ်။ ခဏနဲ့ပြင်လို့မရတော့သလိုပဲ အစဉ်ပဲပျက်သွား တက်ပါတယ်။ ဒါကြောင့်မို့လို့ ပဲခူးမြို့ရဲ့ ရှိရင်းစွဲရေသယံဇာတအရင်းအမြစ်တစ်ခုဖြစ်တဲ့ ကန်တော်ကြီး ရေလှောင်ကန်ကြီးကို ပြုပြင်ထိန်းသိမ်းပြီးတော့ အရှည်တည်တံ့စွာရှိနေဖို့အတွက် လိုအပ်သလိုပဲ ဒီလို ထိန်းသိမ်းရာမှာ အခရာကျတဲ့ ကန်တော်ကြီးရေဝေရေလဲဒေသ ရေကာတောများကို နဂိုမူလအတိုင်း ပြန်လည်တည်ထောင်နိုင်ရန်မှာလည်းပဲ အရေးတကြီးလိုအပ်နေပါတယ်။ ကျွန်တော်တို့ရဲ့အနာဂတ် မျိုးဆက်များကို ရေရှားပါးမှု၊ ရေမဝမှုဆိုတဲ့ဒုက္ခတွေကို အမွေအဖြစ်နဲ့ ကျွန်တော်တို့ မပေးခဲ့သင့်ပါ ဘူးခင်ဗျား။ ဒါကြောင့်မို့လို့ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးနက်စွာထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ပဲခူးကန်တော်ကြီးရေဝေရေလဲဒေသကို ရာဘာစိုက်ပျိုးမြေအဖြစ်မှ ပယ်ဖျက်ပြီးတော့မှ သဘာဝတောရိုင်းအဖြစ် ပြန်လည်ထားရှိဖို့အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့မှ အဆိုရှင်ဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုမေးမြန်းခဲ့တဲ့နေရာမှာ သစ်တောဦးစီးဌာနနဲ့သဘောတူစာချုပ် ချုပ်ဆိုပြီးတော့မှ နှစ်(၃၀)ဂရန်ထုတ်ပေးထားပြီးဖြစ်ကြောင်း နှစ်(၃၀)ပြည့်မှသာ ပြန်လည်စဉ်းစားနိုင်မည်ဖြစ်ကြောင်းကို ဖြေကြားခဲ့တယ်လို့ ကျွန်တော်တို့ အဆိုရှင်ရဲ့အဆိုမှာ လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ဂရန်ဆိုတာဟာ ကျွန်တော်တို့ မြေရဲ့မူရင်းပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်နှင့် လုပ်ပိုင်ခွင့်ချထားပေးခံရတဲ့ပုဂ္ဂိုလ်ရဲ့ကြားမှာ ချုပ်ဆိုတဲ့စာချုပ် တစ်နည်းအားဖြင့် ပဋိညာဉ်လို့ ကျွန်တော်တို့ပြောလို့ရပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ မှာ နိုင်ငံတော်မှာရှိတဲ့မြေအားလုံးရဲ့ ပင်ရင်းပိုင်ရှင်ဟာ နိုင်ငံတော်ပဲဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ အတိအကျပြဋ္ဌာန်းထားပါတယ်။ ဂရန်ဆိုတာက မြေမူရင်းပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်ကနေပြီးတော့မှ တာဝန်ပေးထားတဲ့ ဦးစီးဌာနကတာဝန်ယူပြီးတော့မှ လုပ်ပိုင်ခွင့်ချထားပေးခံရတဲ့ပုဂ္ဂိုလ်ကြားထဲမှာ ချုပ်ဆိုတဲ့စာချုပ် တစ်နည်းအားဖြင့် ပဋိညာဉ်လို့ ကျွန်တော်တို့ပြောလို့ရပါတယ်။ ပဋိညာဉ်ဆိုတဲ့နေရာမှာ ပဋိညာဉ်သည် ပဋိညာဉ်ဥပဒေနဲ့ကိုက်ညီမှသာ ပဋိညာဉ်မြောက်ပါတယ်။ မဟုတ်လို့ရှိရင်ပျက်ပြားပါတယ်။ ပဋိညာဉ်ဥပဒေ ပုဒ်မ ၂၃ မှာ အောက်ပါအချက်တွေနဲ့မငြိစွန်းရင် ဥပဒေနဲ့ညီညွတ်တယ်လို့ပြောထားပါတယ်။ (က)အနေနဲ့ ဥပဒေကတားမြစ်ထားခြင်း၊ (ခ) ဥပဒေတစ်ခုခုပါပြဋ္ဌာန်းချက်များကို ပျက်စီးစေမယ့်အမျိုးအစားဖြစ်ခဲ့မယ်ဆိုလို့ရှိရင် ဒီသဘောတူညီချက်က ဥပဒေနဲ့မညီဘူးဆိုတဲ့သဘောသက်ရောက်ပါတယ်။ ဥပဒေနှင့်ညီခြင်း/မညီခြင်းကို ကျွန်တော်တို့ ပြန်လည်ဆန်းစစ်ဖို့ ခုနက ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးသွားတဲ့အထဲမှာလည်းပါပါတယ်။ ဥပဒေနဲ့ညီလား/မညီလားကြည့်တဲ့အခါမှာ သစ်တောဥပဒေ ပုဒ်မ ၂ မှာ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းမရှိလျှင် သစ်တောရေးရာဝန်ကြီးဌာနက ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ဆောင်ခွင့်ပြုနိုင်တယ်လို့ပြောတယ်။ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမယ်ဆိုရင်တော့ ခွင့်မပြုသင့်ဘူးဆိုတဲ့အနေအထားမျိုး ပေါ်ပေါက်နေပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး

ဆွေးနွေးသွားခဲ့တဲ့အပြင်ကို အဆိုရှင်ရဲ့အဆိုထဲမှာလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအခြေအနေများစွာပါဝင်နေတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။

ဒါ့အပြင် သစ်တောဥပဒေ ပုဒ်မ ၃၈ မှာဆိုလို့ရှိရင် ရေမြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စိုက်ခင်းတွေကို စိုက်ပျိုးတဲ့အခါမှာ သဘာဝမျိုးရင်းတွေကိုပဲ ပြန်လည်စိုက်ပျိုးရမယ်ဆိုပြီးတော့မှ အဲဒီမူဝါဒကိုချမှတ်ထားပါတယ်။ သို့သော်ငြားလည်းပဲ ယခု စိုက်ပျိုးထားဖို့အတွက်ကို ပြန်လည်ချထားပေးတဲ့နေရာဟာ ရာဘာစိုက်ပျိုးဖို့အတွက်ဖြစ်တဲ့အပြင်ကို သဘာဝပတ်ဝန်းကျင် များစွာပျက်စီးထိခိုက်နေတဲ့အနေအထားမျိုးရှိတဲ့အတွက် သစ်တောဥပဒေပုဒ်မ ၃၈ နဲ့လည်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ခုနကပြောတဲ့ ဂရန်ဆိုတဲ့ပဋိညာဉ်ဟာ ပြဋ္ဌာန်းဥပဒေနဲ့မညီတဲ့အတွက် နဂိုကတည်းကနေ ပျက်ပြယ်နေတဲ့ပဋိညာဉ်တစ်ခုဖြစ်တယ်လို့ ကျွန်တော်တို့ မှတ်ယူနိုင်ပါတယ်။ ပဋိညာဉ်ဥပဒေ ပုဒ်မ ၅၆ မှာ ပြုလုပ်မှုသည် မဖြစ်နိုင်သောအခြေအနေသို့ရောက်ရှိနေလျှင်ဖြစ်စေ၊ ဥပဒေနှင့်မညီညွတ်သည့်အခါဖြစ်စေ ပဋိညာဉ်သည်ပျက်ပြယ်သည်။ ဥပဒေနဲ့မညီခဲ့ဘူးဆိုလို့ရှိရင် ဒီရဲ့ပဋိညာဉ်က နဂိုကတည်းကပျက်ပြယ်တယ်ဆိုပြီးတော့မှ ပဋိညာဉ်ဥပဒေပုဒ်မ ၅၆ မှာ အတိအလင်းပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဒီဂရန်ချထားပေးခြင်း တစ်နည်းအားဖြင့် ပဋိညာဉ်ပြုလုပ်ထားခြင်းဟာ နဂိုကတည်းကပျက်ပြယ်ပြီးဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အထင်အရှားတွေ့မြင်နိုင်မှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ပိုင်ခွင့်ချထားပေးခြင်းမဟုတ်တဲ့အတွက် ပဲခူးမြို့ ကန်တော်ကြီးရေဝေရေလဲဒေသ သဘာဝတောရိုင်းများကို ပယ်ဖျက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကို နှစ်(၃၀)ဂရန်ချထားပေးခြင်းဟာ ပဋိညာဉ်ဥပဒေအရ နဂိုကတည်းကပျက်ပြယ်လျက်ရှိကြောင်းကို သုံးသပ်နိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဥပဒေနှင့်အညီ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးသင့်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ဆွေးနွေးလိုတာက ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အငှားဂရန်ချထားပေးတာရှိတယ်။ ပုံစံ(၇)တွေချထားပေးတာရှိတယ်။ ဥပဒေနဲ့ညီလား/မညီလား စိစစ်တာမျိုး ကျွန်တော်တို့မတွေ့ရဘူး။ တချို့ မိရိုးဖလာ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့တယ်။ တချို့ လက်ရှိထားလုပ်ကိုင်ခဲ့တယ်။ သို့သော်ငြားလည်းပဲ ဘယ်ကထွက်လာမှန်းမသိတဲ့ ပုံစံ(၇)တွေကြောင့်မို့လို့ များစွာဆုံးရှုံးရတဲ့အခြေအနေအရပ်ရပ် အများကြီးရှိပါတယ်။ ဒီလိုအရာတွေကိုလည်း ပြန်လည်ပြီးတော့မှ သုံးသပ်ပြီး

တော့မှ ဥပဒေနှင့်အညီပြန်လည်ဆောင်ရွက်ပေးဖို့အတွက် လိုအပ်တယ်ဆိုတာကို ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်ဆွေးနွေးချင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့်ဆွေးနွေးရမယ်ဆိုလို့ရှိရင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ စီးပွားရေးဆိုင်ရာစီမံချက်တွေဟာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်အားပေးရမယ့်လုပ်ငန်းများဖြစ်သော်ငြားလည်းပဲ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development)ကို မျှော်မှန်းပြီး သက်ဆိုင်တဲ့ဥပဒေ၊ သက်ဆိုင်လာနိုင်တဲ့ဥပဒေအပြင် ပတ်ဝန်းကျင်အကြောင်းအချက် အခြေအနေများစွာကိုသုံးသပ်ပြီးမှသာ နောက်ထပ်လုပ်ဆောင်မယ့်စီမံကိန်းများကို ခွင့်ပြုချထားပေးသင့်ပါကြောင်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးကိုရှေးရှုကာ အကြံပြုဆွေးနွေးရင်း ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ဖြစ်ပါတယ်။ ကျွန်မက သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးရဲ့အဆိုကို အပြုသဘောဆောင်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ခေတ်စနစ်ရဲ့အခြေအနေအရ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ကျက်သုံးသပ်နိုင်မှုမရှိဘဲ မိမိအကျိုး၊ အများအကျိုးကို မျှတစွာချိန်ဆနိုင်မှုမရှိဘဲနဲ့ ဖြစ်ပွားခဲ့တဲ့ကိစ္စတွေရှိပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဆွေးနွေးအကြံပြုရမယ်ဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့မြို့ကြီးတစ်မြို့မှာ အထူးသဖြင့် ပဲခူးမြို့လို လူဦးရေထူထပ်တဲ့မြို့မှာ မြို့နေလူထုသန့်ရှင်းတဲ့သောက်သုံးရေရရှိရေးဟာ အခြားသောစားဝတ်နေရေးကိစ္စများလိုပဲ အရေးပါတဲ့စီမံခန့်ခွဲမှုတစ်ရပ်ဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်တင်ပြခဲ့တာကတော့ ၁၉၂၄ ခုနှစ်ကပင် မြို့ပြည်သူများက အဓိကသောက်သုံးရေအဖြစ် သုံးစွဲမှီခိုခဲ့ကြကြောင်းကို သိရှိရပါတယ်။ ထို့အပြင် ၁၈-၈-၁၉၉၇ ရက်နေ့မှာပင် သစ်တောရေးရာဝန်ကြီးဌာနက ကန်တော်ကြီးရေလှောင်ကန် ရဲ့ ရေဝေရေလွှဲဧရိယာနဲ့ သဘာဝပတ်ဝန်းကျင် ဇီဝမျိုးကွဲများထိန်းသိမ်းကာကွယ်ရန် ဧရိယာ ၁၄၅၀ ဧကကို ကန်တော်ကြီး ရေဝေရေလွှဲကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့ကြောင်းလည်း သိရှိရ

ပါတယ်။ ဒါပေမဲ့ အဲဒီ ၁၄၅၀ ဧကထဲက တစ်ဝက်ခန့်ကို ၂၀၁၂ ခုနှစ်မှာ ပုဂ္ဂလိကလုပ်ငန်းရှင် ၅ ဦးကို ရော်ဘာစိုက်ခင်းအဖြစ် သစ်တောဦးစီးချုပ်နေပြည်တော်က တည်ထောင်ခွင့်ပြုခဲ့တာဖြစ်ပါ တယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့ပြောကြားချက်အရ ၎င်းရေဝေရေလွှဲဒေသဟာ ယခင်က အပင်ကြီးများနဲ့ သဘာဝသစ်တောများရှိကြောင်း လုပ်ငန်းရှင်ငါးဦးက ရော်ဘာပင်စိုက်ရန် ရော်ဘာကြားတွင် ပျဉ်းကတိုး၊ မဟော်ဂနီစတဲ့သစ်မျိုးများ ကြားညှပ်စိုက်ပျိုးရန် သစ်တောဦးစီးဌာနနှင့် တစ်ဧကလျှင် အပင် ၄၀ နှုန်းစိုက်ပျိုးရန် နှစ် ၃၀ စာချုပ်ဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ဒီနေရာမှာ ထောက်ပြလိုတာက နိုင်ငံတော်နှင့်သက်ဆိုင်ရာဌာနရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒီလိုပုဂ္ဂလိက လုပ်ငန်းရှင်တွေကို ချထားပေးခြင်းရဲ့ အဓိကရည်ရွယ်ချက်က အမှန်တကယ်ပျက်စီးလုလုသစ်တော များကို မိမိနိုင်ငံသား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းသမားများရဲ့ အင်အား၊ လုပ်အား၊ စေတနာတို့နှင့် ငွေအရင်းအနှီးတို့နဲ့ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ပြန်လည်ပြုစုပျိုးထောင်စေခြင်းကို ရည်ရွယ်တာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်စိုက်လိုတဲ့စိုက်ခင်းကြားမှာ အဖိုးတန်သစ်မာများပြန်လည်စိုက်ပျိုးစေရန် စာချုပ်မှာထည့်သွင်းချုပ်ဆိုထားပါတယ်။ သို့သော်လည်း ဒီကိစ္စမှာမှမဟုတ်ပါဘူးရှင်။ ကျွန်မတို့ နိုင်ငံတစ်ဝန်းလုံးမှာ နည်းအမျိုးမျိုးနှင့် မြေပိုင်ဆိုင်မှုစိုက်ပျိုးခွင့်အမျိုးမျိုး လျှောက်ထားသူ လုပ်ငန်းပိုင်ရှင်အများစုဟာ တကယ့်တောပျက်ထက် အဖိုးတန်သစ်များရှိနေသေးတဲ့ မူလသဘာဝ သစ်တောများကို လျှောက်ထားရယူပြီးမှ သဘာဝသစ်တောများကို အပြောင်ခုတ်ထွင်ပြီးမှ စိုက်လိုရာ ကိုပြန်လည်စိုက်ပျိုးကြပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ ရေချိုအရင်းအမြစ် ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ယခုအခါ ၎င်းရေချိုသယံဇာတကို ထိန်းညှိပေးနိုင်တဲ့ ရေဝေရေလွှဲဒေသရှိသဘာဝသစ်တောများကို ထိန်းသိမ်းထားနိုင်စွမ်းမရှိတော့လို့ ရေအရည်အသွေး တွေထိန်းနိုင်ခြင်းမရှိတော့ဘဲ ရေချိုရေသန့်ရရှိမှုဟာ စိုးရိမ်စရာကောင်းလောက်အောင် နည်းပါးနေပြီ ဖြစ်ပါတယ်။ သစ်တောများမထိန်းသိမ်းနိုင်ခြင်း၊ ပြန်လည်စိုက်ပျိုးသောစိုက်ခင်းများကို နည်းပညာသုံး မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာများ အသုံးပြုစိုက်ပျိုးကြခြင်း၊ သယံဇာတများ တူးဖော်ရာမှ အညစ်အကြေးများ မြစ်ချောင်းများသို့စွန့်ပစ်ခြင်း၊ စက်ရုံအလုပ်ရုံစွန့်ပစ်ရေများ မြစ်ချောင်းများသို့စွန့်ပစ်ခြင်း၊ ၎င်းတို့ကို စနစ်တကျထိန်းသိမ်းဖို့အခြေအနေဟာ တဖြည်းဖြည်း ကုန်လွန်လာခဲ့ပြီဖြစ်ပါတယ်။ လူသားတို့နေထိုင်တဲ့ကမ္ဘာကြီးမှာ လူနည်းစုအကျိုးစီးပွားအတွက် အများ

ပြည်သူရဲ့ကျန်းမာရေးကို ဆိုးရွားစွာခြိမ်းခြောက်နေတဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို ထိရောက်စွာကာကွယ်ရန်က ပြည်သူကခန့်အပ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ နောက်ထပ်တစ်ခု ထောက်ပြလိုတာက သစ်တောဆိုသည်မှာ သစ်ပင်တစ်မျိုးတစ်စားတည်းစိုက်ပျိုးထားခြင်းကို သစ်တောလို့မခေါ်ဆိုနိုင်ပါဘူး။ သစ်ပင်အမျိုးအစားပေါင်းစုံ ရှင်သန်ပေါက်ရောက်နေမှသာ သဘာဝသစ်တောဖြစ်ပြီး ရေဝေရေလွှဲဧရိယာနှင့် မြေဆီလွှာတို့တိုက်စားပြုန်းတီးမှုတို့ကို ကာကွယ်နိုင်ပြီးတော့ သဘာဝတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ အခုဆိုရင် ကျွန်းစိုက်ခင်း၊ ပိတောက်စိုက်ခင်း၊ ရော်ဘာစိုက်ခင်း အစရှိသဖြင့်စိုက်ပျိုးကြရာ သဘာဝပေါက်ပင် ကျွန်း၊ ပိတောက်၊ ရော်ဘာတို့ထက် အပင်အဆီအနှစ်အရည်အသွေးကွာခြားမှုကလည်း သဘာဝရဲ့ တန်ဖိုးကို အကောင်းဆုံးသက်သေပြနေပါတယ်။ ဒါ့အပြင် ရေဝေရေလွှဲဒေသများရဲ့ အကောင်းဆုံး အခြေအနေဆိုတာဟာ သဘာဝတောဖုံးလွှမ်းလျက်ရှိတဲ့ ပကတိအနေအထားဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ရော်ဘာဆိုတာဟာ အပင်ကြီးမျိုးမဟုတ်ဘဲ ခြောက်နှစ်မှ ၁၅ နှစ်အထိသာ သက်တမ်းရှိလို့ သဘာဝသစ်တောတွေကို ထာဝရသစ်တောလို့မခေါ်ဆိုနိုင်ပါဘူးရှင်။ ဒီနေရာမှာ စီးပွားရေးလုပ်ငန်းရှင်ငါးဦးရဲ့အကျိုးစီးပွားနဲ့ မြို့လူထုရဲ့ရေသယံဇာတကိစ္စမှာ ရွေးချယ်ကြရမှာဖြစ်တဲ့အပြင် မူလကပင် ရေဝေရေလွှဲဧရိယာလိုဒေသမျိုးကို ရော်ဘာလိုထာဝရသစ်တောမဟုတ်တာကို ချထားပေးခြင်းမပြုလုပ်သင့်ခဲ့ဘူးဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတကာမှာလည်း ယခုကဲ့သို့ ကန်တော်ကြီးနယ်မြေမျိုးကို အထူးလုံခြုံရေးအဆင့် သတ်မှတ်ထိန်းသိမ်းလေ့ရှိကြပြီး ဤကန်တော်ကြီး ရေဝေရေလွှဲနယ်မြေကိုလည်း ၂၀၁၀ ခုနှစ်အထိ သစ်၊ ဝါး၊ ထင်း၊ မီးသွေးများပင် ခုတ်ခွင့်မရှိခဲ့ကြောင်း သိရှိရပါတယ်။ ဒီကိစ္စမှာသွားရောက်ကွင်းဆင်းစစ်ဆေးသူများကလည်း ဤရေဝေရေလွှဲဒေသကို သဘာဝသစ်တောကန့်သတ်ဇုန်အဖြစ်သာ ထားရှိသင့်ကြောင်း အကြံပြုထားတာကို သုံးသပ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ အဆိုကို လိုက်လှဲစွာထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦး တင်သွင်းသွားတဲ့အဆိုကို မဲဆန္ဒနယ်မှာရှိတဲ့အချက်အလက်တွေကို အခြေခံပြီးတော့ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်ရဲ့ မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီးအပါအဝင် ကျွန်မတို့ ကျောက်တန်းမဲဆန္ဒနယ် နေရာအချို့မှာ နွေရာသီရောက်တဲ့အခါမှာ ရေရှားပါးမှုကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ အနယ်နယ်အရပ်ရပ်က အလှူရှင်တွေကနေပြီး ရေတွေလာရောက်လှူဒါန်းနေရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ရေတွင်းတူးဖို့မလွယ်ကူခြင်း၊ ရေထွက်ပြန်လျှင်လည်း ရေငန်တွေဖြစ်နေခြင်းတို့ကြောင့် ပဲခူးကန်တော်ကြီးရေကိုသာ ဒေသခံတွေက အားထားမှီခိုတဲ့ တစ်ခုတည်း ရေအရင်းအမြစ်ဖြစ်လို့နေပါတယ်။ လူတစ်စုရဲ့အကျိုးစီးပွားဖြစ်ထွန်းစေတဲ့ကိစ္စတွေကြောင့် ဒေသခံပြည်သူလူထုက ရေထုညစ်ညမ်းနေတဲ့ အဆိပ်သင့်ရေကို သောက်သုံးနေရတာဟာ ဖြစ်သင့်ရဲ့လားလို့မေးရတာတောင် ရင်နာစရာကောင်းနေပါပြီ။ အခြား ရွေးချယ်စရာအရင်းအမြစ်မရှိဘဲ ကန်တော်ကြီးရေကိုသာ နေ့စဉ်သောက်သုံးနေတဲ့ မြို့နေလူထုဟာ တမြည့်မြည့်အဆိပ်သင့်ခံနေရပါတယ်။ အနာဂတ်မျိုးဆက်သစ်တို့ရဲ့ ကျန်းမာရေးဟာလည်း ရင်လေးဖွယ်ဖြစ်လို့နေပါပြီ။ လူတစ်စုကောင်းစားစေပြီး အများပြည်သူဒုက္ခရောက်စေတဲ့ အခြေအနေဟာ ပြောင်းလဲချိန်တန်နေပြီမို့ နစ်နာသူပြည်သူများရဲ့ကိုယ်စား ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ကျောက်တန်းမြို့နယ်ပြည်သူလူထုအားကိုးရတဲ့ ဒီပဲခူးကန်တော်ကြီးရေလိုပဲ ဆည်ရေအကြောင်းကိုလည်း တင်ပြခွင့်ပြုပါရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါက ကျွန်မတို့ရဲ့ ကျောက်တန်း ဘန့်ဘွေးကုန်းဆည်ဖြစ်ပါတယ်။ ဒီဆည်က ၅၅၃ ဧက ရေဝေရေလဲအဖြစ် သတ်မှတ်ထားပါတယ်။ ဆည်ဆောက်စဉ်က မြို့နယ် ရေပေးရေဝေဧကေအတွက် ရွာငါးရွာကို ပြောင်းရွှေ့ပြီးမှ တည်ဆောက်ခဲ့ရတာဖြစ်ပါတယ်။ မူလပိုင်ရှင်တွေက မြေနှစ်ဧကကိုစွန့်လွှတ်မှ ပေ ၄၀ x ၆၀ မြေကွက်တစ်ကွက်ကို ပြန်လည်ရယူခဲ့ပါတယ်။ မြေကွက် ၃၀ ကျော် ဆုံးရှုံးပြီးတော့မှ တစ်ကွက်ကို ဝယ်ယူခွင့်ရခဲ့တာဖြစ်ပါတယ်။ အကျိုးဆက်ကတော့ စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကြောင်းပြုနေတဲ့ ဒေသခံပြည်သူတွေက အလုပ်လက်မဲ့ဖြစ်ရပါတယ်။ လူမှုဒုက္ခများစွာ ခံစားနေရခဲ့ပါတယ်။ သားသမီးတွေကလည်း နေစရာအိမ်မရှိလို့ ကျူးကျော်ဖြစ်ရတဲ့အထိ ဒီကျူးကျော်ပြဿနာကလည်း ဖြေရှင်းဖို့ နောက်ထပ်ပြဿနာတစ်ခုဖြစ်နေပါတယ်ရှင့်။

**မူကြမ်း**

အဲဒီ ဘန့်ဘွေးကုန်းဆည်ရဲ့ ကျွန်းလိုဖြစ်နေတဲ့အိမ်နေရာမှာ မြေဧက ၁၀ ဧကကို လူတစ်ယောက်၊ လူပုဂ္ဂိုလ်တစ်ဦးအတွက်ကို ငှားရမ်းထားပါတယ်။ ဒီမှာ ပျားလိမ္မော်ခင်းတွေ စိုက်ပျိုးထားတာတွေ့ရပါတယ်။ မူလပိုင်ရှင်တွေက သိမ်းဆည်းခံထားရပြီးတော့ ဘာမှမလုပ်ထားတဲ့မြေတွေကို စိုက်ပျိုးလုပ်ကိုင်ခွင့် လျှောက်ထားပေမဲ့လည်း ရရှိခဲ့ခြင်းမရှိပါဘူးရှင့်။ ဒီမြေနေရာတွေဟာ ကာလပေါက်ဈေးတန်ဖိုးများစွာ တန်နေပြီဖြစ်ပေမဲ့လည်း ဒီမြေကို နှစ် ၃၀ ငှါးရန်အတွက် တစ်ဧကကို ၅၀၀ ကျပ်တည်းနဲ့သာ ငှားရမ်းထားတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ နိုင်ငံတော်ရဲ့ ဝင်ငွေတွေလည်း များစွာဆုံးရှုံးပါတယ်။ ပြည်သူလူထုရဲ့ဘဝပေါင်းများစွာ ပေးဆပ်ပြီးတော့မှ မြို့ရေဝေရေလွှဲဒေသ အကွက်တည်ဆောက်ထားပေမဲ့လည်း မြို့နေပြည်သူလူထုက ဒီမြေမှာ ပျားလိမ္မော်တွေ စိုက်ပျိုးထားတဲ့ အတွက်ကြောင့်မို့လို့၊ ရေစပ်နှင့် ထိစပ်နေတဲ့အတွက်ကြောင့်မို့လို့ မြေသြဇာသုံးတာတို့၊ ပိုးသတ်ဆေး ဖြန်းတာတို့အတွက်၊ ရေသန့်စင်မှုအတွက် များစွာသောကရောက်နေရတာဖြစ်ပါတယ်ရှင့်။

ဒါကတော့ ရေစပ်နှင့် အပင်နဲ့ ထိတွေ့နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ စိုက်ခင်း မှာ ဆိုင်ရာဆိုင်ခွင့်ပေးထားတဲ့ ဧက ၃၀ ထဲမှာလည်း ဝက်မွေးမြူတာတို့၊ စိုက်ခင်းတွေလုပ်နေတာတို့ တွေကို စည်းကမ်းမဲ့လုပ်နေတာကို တွေ့ရှိနေရတာဖြစ်ပါတယ်။ ဒါကတော့ အိမ်တွေ၊ ယာတွေရှိနေပြီး တော့ အဲဒီအိမ်ယာက ဒီမြားအနီးနဲ့ပြထားတွေက သန့်စင်ခန်းတွေဖြစ်နေပါတယ်ရှင့်။ ဟုတ်ကဲ့ရှင့်။ ဒီလို စိုက်ခင်းတွေလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ပဲခူးကန်တော်ကြီးကန်သာမဟုတ်ဘဲနဲ့ အလားတူရေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေတဲ့ ရေဝေရေလဲဒေသတွေကို ပြန်လည်စိစစ်သုံးသပ်ပြီး တော့ ပြည်သူလူထုကျန်းမာရေးအတွက် သန့်ရှင်းသောရေရရှိဖို့ ဥပဒေနဲ့အညီ ကူညီပေးပါရန်အတွက် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးတင်သွင်းထားတဲ့ ပဲခူးမြို့ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြန်လည် ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ပဲခူးမြို့ကန်တော်ကြီး ရေဝေရေလဲ ဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေ ရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီး ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကန်တော်ကြီးရေလှောင်ကန်နဲ့ ပတ်သက်လို့ကတော့ အဆိုရှင် ဦးမြင့်ဦးရဲ့ နောက်တစ်ခါ ဒေါက်တာဒေါ်ရွှေပုံရယ် ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီး ၇ ဦးကနေပြီးတော့ ဆွေးနွေးတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်ဒါနဲ့ပတ်သက်လို့ အကျယ်တဝင့်တော့ ဒီရုပ်ပိုင်းဆိုင်ရာတွေ မပြော တော့ပါဘူး။ အဓိက ကျွန်တော်က ဆွေးနွေးရမည့်အပိုင်းလေးပဲ ဖြတ်တောက်ပြီးတော့ ဆွေးနွေးပါ မယ်။ နိုင်ငံတော်ကနေပြီးတော့ ရော်ဘာကို ရွှေဖြူစီမံကိန်းသတ်မှတ်စိုက်ပျိုးတဲ့ အချိန်ကာလအတွင်း မှာ သစ်တောမြေမှာ ရော်ဘာစိုက်ပျိုးရန် ခွင့်ပြုခဲ့ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီး သစ်တောဧရိယာအတွင်းမှာ နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ၉၃ ဦး ကနေပြီး တော့ ရော်ဘာစိုက်ခင်းစုစုပေါင်း ၁၁၇၄၃ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။ ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲကြိုးပြင်ကာကွယ်တောအတွင်းမှာ တောနိမ့်၊ တောပျက် ပြန်လည်အစားထိုးရန် ကောင်းမွန်လာစေရန်နှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူ ပြုရန်အတွက် ရည်ရွယ်ပြီးတော့ ပုဂ္ဂလိကလုပ်ငန်းရှင်ငါးဦးကနေပြီးတော့ သစ်တောဦးစီးရုံးချုပ်ရဲ့

၂၁-၅-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ စီမံကိန်း/စ-၁၉(ဂ)/(၅၃၅၇-၆၀/၂၀၁၂)အရ စုစုပေါင်း ၇၃၀ ဧက ကို စိုက်ခင်းတည်ထောင်ခွင့်ပြုခဲ့ပြီးတော့ စိုက်ပျိုးထားတဲ့ရော်ဘာပင်များရဲ့ အောင်မြင်ရှင်သန်မှုက လည်း ၈၀ ရာခိုင်နှုန်းကျော်တဲ့အတွက်ကြောင့်မို့လို့ လုပ်ထုံးလုပ်နည်းနဲ့အညီ နှစ် ၃၀ မြေငှားစာချုပ် ကို ချုပ်ဆိုခဲ့ပါတယ်။ ပဲခူးမြို့လူထုသောက်သုံးရန်ပေးဝေနေတဲ့ ကန်တော်ကြီးရေသန့်စင်မှုအခြေအနေ နဲ့ ကန်တော်ကြီးရဲ့ပတ်လည်မှာရှိတဲ့ သစ်တောဧရိယာများအခြေအနေတို့နဲ့ ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၆-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၇/၃-၁၄/ဦး၄(၁၁၁) အရ ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဖွဲ့ခေါင်းဆောင်ပါဝင် ပြီးတော့ ဌာနကိုးခုကနေပြီးတော့ တိုင်းအဆင့်ဌာနဆိုင်ရာအရာရှိများပါဝင်တဲ့အဆင့်နဲ့ ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။ အဲဒီလို စစ်ဆေးတဲ့အခါမှာ (က) ပုဂ္ဂလိကလုပ်ငန်းရှင်ငါးဦးမှ တည်ထောင် ထားသော စိုက်ခင်းအတွင်း အဆောက်အဦများ အခိုင်အမာဆောက်၍ လူနေထိုင်လျက်ရှိခြင်း၊ (ခ) စိုးရတနာကုမ္ပဏီနှင့် ဦးကျော်ဌေး၏ ပုဂ္ဂလိက ရော်ဘာစိုက်ခင်းအတွင်း ချောင်းများအား တမံပိတ်၍ ရေသိုလှောင်ထားခြင်း၊ (ဂ) ရော်ဘာပင်များ ရှင်သန်ကြီးထွားရေးအတွက် ရာဘာစိုက်ပျိုးသူများမှာ တစ်နှစ်လျှင် ဓာတ်မြေသြဇာ တင်း ၁၀၀၀ ခန့် သုံးစွဲကြောင်း၊ (ဃ)ကန်စပ်ရှိ လေကြောင်းရန် ကာကွယ်ရေးတပ်၏ ဘားတိုက်ဘေးတွင် အိမ်သာတစ်လုံးဆောက်လုပ်ထားကြောင်း၊ (င) ကန်တော် ကြီးအတွင်းမှနေရာသုံးမျိုးတွင် ရေနမူနာသုံးပုလင်းကို စမ်းသပ်ချက်အရ ရေအတွင်း Coliforms နှင့် Escherichia coil (E.coil)ပိုးများ တွေ့ရှိပါကြောင်း၊ (စ) ရာဘာစိုက်ခင်းများတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် ဓာတ်မြေသြဇာများသုံးစွဲမှုကြောင့် ၎င်းတို့၏ ဓာတ်ကြွင်းများ ကန်အတွင်း ဝင်ရောက်ပြီး ရေအရည်အသွေးကျဆင်းကာ သောက်သုံးရန်အတွက် အန္တရာယ်ရှိနိုင်ကြောင်း စသဖြင့် စစ်ဆေးတွေ့ရှိရကြောင်း တင်ပြထားပါတယ်။

အထက်ပါတွေ့ရှိချက်အရ ကန်တော်ကြီး ရေဝေရေလဲဧရိယာအတွင်း အခြေအနေများနှင့် ပတ်သက်ပြီးတော့ ကန်တော်ကြီးအတွင်းရှိရေနှင့် ပတ်ဝန်းကျင်အပေါ် အနုတ်လက္ခဏာဆောင်တဲ့ အကျိုးသက်ရောက်မှုများရှိနေကြောင်း တွေ့ရှိရတဲ့အတွက် ကန်တော်ကြီး ရေဝေရေလဲဧရိယာအား သီးသန့်ဇုန်အဖြစ်သတ်မှတ်နိုင်ရေးအတွက် ဆက်စပ်အဖွဲ့အစည်းများပါဝင်တဲ့ တွေ့ဆုံညှိနှိုင်းရေး ကော်မတီကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၁၂-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်(၂၂၄/၂၀၁၆) ဖြင့် ဖွဲ့စည်းထားရှိပြီးတော့ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းက သွားရောက်ပြီးတော့ ကြည့်ရှုခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး

တွေ့ဆုံညှိနှိုင်းရေးကော်မတီမှ အောက်ပါလုပ်ငန်းအဆင့်လိုက် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆင့် (၃) ဆင့်ရှိပါတယ်။ အဆင့်(၁) အနေနဲ့ (က) စာချုပ်စည်းကမ်းချက်အမှတ်(၅)ပါအတိုင်း သစ်တောသစ်ပင်များစိုက်ပျိုးစေခြင်း၊ (ခ) ကန်စပ်နှင့်စိုက်ခင်းအတွင်းရှိ အခိုင်အမာအဆောက်အဦများအပါအဝင် အဆောက်အဦများအားလုံးကို ဖျက်သိမ်းစေခြင်း၊ (ဂ) ရော်ဘာလုံးဝစိုက်ပျိုးထားခြင်းမရှိသည့် မြေနေရာများကို ပြန်လည်သိမ်းဆည်းခြင်း။ အဆင့်(၂)အနေနဲ့ ကတော့ (က) စာချုပ်စည်းကမ်းချက် အမှတ်(၁၈)အရ စာချုပ်ပါစည်းကမ်းချက်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြင်ဆင်နိုင်သည်ဖြစ်ပါသဖြင့် နိုင်ငံတော်မှ ဖြည့်ဆည်းပေးရမည့် ဒေသခံပြည်သူများ၏လိုလားချက်အတိုင်း အောက်ဖော်ပြပါ ကန်ရေပြင် ညစ်ညမ်းစေသည့်အချက်များကို ကုစားနိုင်သည့်စည်းကမ်းချက်များ ပြန်လည်ပြင်ဆင်ရေးဆွဲ သတ်မှတ်စေခြင်း၊ (ခ) ရာဘာစိုက်ပျိုးခွင့်အနေဖြင့် ကန်တော်ကြီးရေအရည်အသွေးအား ထိခိုက်စေမည့် ရော်ဘာစေးထုတ်ယူခြင်းအား ကန့်သတ်၍ ပုဂ္ဂလိကသစ်မာစိုက်ခင်းအသွင်ဖြင့် ဆောင်ရွက်စေခြင်း။ အဆင့်(၃)အနေဖြင့် (က) မူလစာချုပ်ပါ ရော်ဘာစိုက်ပျိုးခွင့် နှစ်(၃၀)အား ဖျက်သိမ်း၍ လုပ်ငန်းရှင်များမှ ရော်ဘာသစ်ထုတ်ယူရရှိနိုင်ချိန်အထိသာ ခွင့်ပြု၍ စာချုပ်ကိုဖျက်သိမ်းပြီး ကန်တော်ကြီးရေဝေရေလဲဒေသကို ဒေသခံပြည်သူများ၏ သဘောထားဆန္ဒနှင့်အညီ သီးသန့်ဇုန်အဖြစ် သတ်မှတ်ထား၍ သစ်တောဦးစီးဌာနမှ ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများကို ဖြည့်စွက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်ရဲ့ ပဲခူးတိုင်း ကန်တော်ကြီးရေဝေရေလဲဒေသနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များက စာနာထောက်ထားပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်စုံစုံလင်လင် ဆွေးနွေးပေးသွားတဲ့အတွက် အလွန်ပဲကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒုတိယအနေနဲ့တော့ ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း ဒီသောက်သုံးရေကန်ရဲ့ ရေအရည်အသွေးကျဆင်းပြီးတော့ အနုတ်လက္ခဏာဆောင်နေတယ်၊ အန္တရာယ်ရှိနေတယ်ဆိုတာကို Power Point နှင့် သေချာရှင်းလင်းတင်ပြသွားတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ တတိယအချက်အနေနဲ့တော့ ဒီအဆိုဖြစ်မြောက်ရေးအတွက်ကို လူပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်တဲ့ပုဂ္ဂိုလ်များဟာ နှစ်နဲ့

ချိပြီးတော့ ကျွန်တော့်ကို ကူညီဆောင်ရွက်ပေးခဲ့တာတွေ ရှိပါတယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေကိုလည်း အထူးပဲကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကျယ်ကျယ်ပြန့်ပြန့်အန္တရာယ်ရှိကြောင်းကို ဆွေးနွေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးကလည်း အန္တရာယ်ရှိနေတယ်ဆိုတာကို ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အဆိုနှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ခုနစ်ဦးက ဆွေးနွေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးကလည်း အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမြင့်ဦးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**မှုကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၅၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် (၃.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ


ဦးခင်မောင် (ပင်လည်ဘူး မဲဆန္ဒနယ်)


ဦးထွန်းနိုင်ဝေ (ဖောင်းပြင် မဲဆန္ဒနယ်)


ဒေါက်တာဇော်နိုင် ([illegible] မဲဆန္ဒနယ်)


ဦးခင်ရွှေ (လှိုင်ဘွဲ့ မဲဆန္ဒနယ်)


ဦးမြင့်ဦး (သနပ်ပင် မဲဆန္ဒနယ်)


ဦးအုန်းဝင်း (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်